# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး
# (၁၁)ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | လမ်းအသုံးပြုသူအားလုံး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် မှန်ကန်သောယာဉ်အချက်ပြမီး တစ်ပြေးညီ ပြောင်းလဲကျင့်သုံးသွားရန် မည်ကဲ့သို့ ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ကျောက်ဖြူမြို့နယ်၊ သန်ပန်ချောင်းရပ်ကွက်ရှိ အမှတ်(၁)ဆိပ်ခံတံတား၌ ပြည်တွင်းရေကြောင်းသွား ခရီးသည်တင်သင်္ဘောနှင့် အခြားကုန်တင်သင်္ဘောများဆိုက်ကပ်ခွင့်မရရှိခြင်း၊ အမှတ်(၃)ဆိပ်ခံတံတားသည် လက်တွေ့တွင် အသုံးမတည့်ဖြစ်နေခြင်း၊ ငလပွေ့ကျေးရွာရှိ အမှတ်(၂)ဆိပ်ခံတံတားအား အဆင့်မြှင့်တင်တိုးချဲ့ရာတွင် မြေနေရာအခက်အခဲများရှိနေခြင်း၊ ကျောက်ဖြူမြို့၊ သန်ပန်ချောင်း ရပ်ကွက်၊ ကမ်းနားလမ်း၊ ကျောက်ဖြူမြစ်ကမ်းတွင် ခေတ်မီဆိပ်ကမ်းတစ်ခု တည်ဆောက်ပေးရန်တို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၇ | ရေနံအလုပ်သမားများ ဥပဒေနှင့်အညီ ရပိုင်ခွင့်များ၊ အခွင့်အရေးများ ခံစားခွင့်ရရှိနိုင်ရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၈ | ကန်ပေါက်ဒေသတွင် ဆောင်ရွက်မည့်စီမံကိန်းကို Total Gas & Power Business Service (S.A.S) နှင့် SIEMENS A.G နှင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်မည့်စီမံကိန်းကို Zhefu Holding Co.Ltd နှင့် Supreme Trading Co.Ltd နှင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်ရွက်မည့်စီမံကိန်းကို TTCL Public Company Limited နှင့်လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူတွင် ဆောင်ရွက်မည့်စီမံကိန်းကို Sinohydro Coporation Limited နှင့် Supreme Trading Co.Ltd နှင့်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြောင်း လေ့လာသိရှိရပါသဖြင့် ၎င်းကုမ္ပဏီများနှင့် စာချုပ်လက်မှတ် ရေးထိုးနိုင်သည့်အဆင့်သို့ရောက်ရှိအောင် တင်ဒါစတင်ခေါ် ယူသည်မှစတင်၍ | ၂၀ |

မည်သို့သောအဆင့်များကို ပွင့်လင်းမြင်သာစွာနှင့် ဆောင်ရွက်ခဲ့သည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

၉ ထီးလင်းမြို့နယ်အတွင်းရှိ အကြည်ဘန်း၊ အလယ်ဘန်း၊ အညာဘန်းကျေး ရွာ(၃)ရွာအား လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၃၀

၁၀ ဆင်ပေါင်ဝဲမြို့နယ်၊ ခနုံးမြောင်ကျေးရွာအနီးတွင် (၆၆/၁၁) ကေဗွီ (၅) အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်ခြင်းနှင့် (၆၆)ကေဗွီလိုင်း ၂၀ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင် ရွက်ပေးနိုင်ခြင်းရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း ၃၂

၁၁ ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံ အတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျုံးဝင်ပတ်သက် သူများ အားလုံးသည် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကိုအသုံးပြုပြီး ဌာနဆိုင်ရာများ၏ ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ် စားလှယ်များဆွေးနွေးခြင်း ၃၄

၁၂ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံတိုင်းရင်းဆေး ကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်း ထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း ၄၈

၁၃ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက် မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၂)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၅၄

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

# (၁၁) ရက်မြောက်နေ့ အစီအစဉ်

# [ ၄–၆–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **လမ်းအသုံးပြုသူ အားလုံး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် မှန်ကန်သော ယာဉ်အချက်ပြမီး တစ်ပြေးညီ ပြောင်းလဲကျင့်သုံးသွားရန် မည်ကဲ့သို့ ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ကျောက်ဖြူမြို့နယ်၊ သန်ပန်ချောင်း ရပ်ကွက်ရှိ အမှတ် (၁) ဆိပ်ခံတံတား၌ ပြည်တွင်းရေကြောင်းသွား ခရီးသည်တင်သင်္ဘောနှင့် အခြားကုန်တင်သင်္ဘောများ ဆိုက်ကပ်ခွင့် မရရှိခြင်း၊ အမှတ် (၃) ဆိပ်ခံတံတားသည် လက်တွေ့တွင် အသုံးမတည့် ဖြစ်နေခြင်း၊ ငလပွေ့ကျေးရွာရှိ အမှတ် (၂) ဆိပ်ခံတံတားအား အဆင့်မြှင့်တင် တိုးချဲ့ရာတွင် မြေနေရာအခက်အခဲများရှိနေခြင်း၊**

**ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ ကမ်းနားလမ်း၊ ကျောက်ဖြူမြစ်ကမ်းတွင် ခေတ်မီဆိပ်ကမ်းတစ်ခု တည်ဆောက်ပေးရန်** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **ရေနံအလုပ်သမားများ ဥပဒေနှင့်အညီ ရပိုင်ခွင့်များ၊ အခွင့်အရေးများ ခံစားခွင့်ရရှိနိုင်ရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **ကန်ပေါက်ဒေသတွင် ဆောင်ရွက်မည့် စီမံကိန်းကို Total Gas & Power Business Service S.A.S နှင့် SIEMENS A.G နှင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်မည့် စီမံကိန်းကို Zhefu Holding Co.Ltd နှင့် Supreme Trading Co.Ltd နှင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်ရွက်မည့် စီမံကိန်းကို TTCL Public Company Limited နှင့်လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူတွင် ဆောင်ရွက်မည့် စီမံကိန်းကို Sinohydro Coporation Limited နှင့် Supreme Trading Co.Ltdနှင့်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြောင်း လေ့လာသိရှိရပါသဖြင့် ၎င်းကုမ္ပဏီများနှင့် စာချုပ်လက်မှတ်ရေးထိုးနိုင်သည့် အဆင့်သို့ရောက်ရှိအောင် တင်ဒါစတင်ခေါ်ယူသည်မှ စတင်၍ မည်သို့သော အဆင့်များကို ပွင့်လင်းမြင်သာစွာနှင့် ဆောင်ရွက်ခဲ့သည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၏ **ထီးလင်းမြို့နယ်အတွင်းရှိ အကြည်ဘန်း၊ အလယ်ဘန်း၊ အညာဘန်းကျေးရွာ (၃)ရွာအား လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **ဆင်ပေါင်ဝဲမြို့နယ်၊ ခနုံးမြောင်ကျေးရွာအနီးတွင် (၆၆/၁၁) ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့် (၆၆)ကေဗွီလိုင်း (၂၀) မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်က တင်သွင်းသည့် **"မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျုံးဝင်ပတ်သက်သူများ အားလုံးသည် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကို အသုံးပြုပြီး ဌာနဆိုင်ရာများ၏ ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၊

(ခ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(ဂ) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၊

(ဃ) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၊

(င) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်က တင်သွင်းသည့် **" မြန်မာနိုင်ငံ တိုင်းရင်းဆေး ကောင်စီ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
## (၁၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်)**
**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၇၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၀၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၁၂ ရက်၊
(၂) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊
(၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊
(၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊
(၅) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်၊
(၆) သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် ခွင့် ၂ ရက်၊
(၇) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊
(၈) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊
(၉) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၃ ရက်၊
(၁၀) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊
(၁၁) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၁၂) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၃ ရက်၊
(၁၃) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ခွင့် ၃ ရက်၊
(၁၄) မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ခွင့် ၁ ရက်၊
(၁၅) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၁၆) ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ခွင့် ၅ ရက်၊
(၁၇) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၅ ရက်၊
(၁၈) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၂ ရက်၊

(၁၉) တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ခွင့် ၅ ရက်၊
(၂၀) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊
(၂၁) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး ခွင့် ၁ ရက်၊
(၂၂) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၂ ရက်၊
(၂၃) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၂ ရက်၊
(၂၄) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၅ ရက်၊
(၂၅) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ခွင့် ၅ ရက်၊
(၂၆) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၅ ရက်၊
(၂၇) ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း ခွင့် ၂ ရက်၊
(၂၈) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊
(၂၉) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊
(၃၀) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊
(၃၁) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁ ရက်၊
(၃၂) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၂ ရက်၊
(၃၃) လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာအေးကြူ ခွင့် ၁ ရက်၊
(၃၄) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊
(၃၅) မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ ခွင့်၅ ရက်၊
(၃၆) လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၅ ရက်၊
(၃၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော် ခွင့် ၅ ရက်၊
(၃၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇာနည်ထွေး ခွင့် ၅ ရက်၊
(၃၉) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၁ ရက်၊
(၄၀) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၁ ရက်၊
(၄၁) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊
(၄၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊
(၄၃) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၂ ရက်၊
(၄၄) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊
(၄၅) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၂ ရက်၊
(၄၆) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၄ ရက်၊
(၄၇) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၄ ရက်၊
(၄၈) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊
(၄၉) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊
(၅၀) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊
(၅၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၅ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၅၁ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၅၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့

ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

### လမ်းအသုံးပြုသူအားလုံး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် မှန်ကန်သောယာဉ်အချက်ပြမီး တစ်ပြေးညီပြောင်းလဲကျင့်သုံးသွားရန် မည်ကဲ့သို့ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းဖြစ်ပါတယ်ခင်ဗျား။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ အသိပေးနှိုးဆော်ထားသည့် မှန်ကန်သောအချက်ပြခြင်းကိစ္စနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းခွင့်တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေများအရ မော်တော်ယာဉ်တွင်တပ်ဆင်ထားသော မီးများနှင့် ယာဉ်မောင်းသူ၏လက်ဖြင့်အချက်ပြပုံများအခန်း၌ နောက်မှမော်တော်ယာဉ်အား ကျော်တက်နိုင်ကြောင်းကို ယာဉ်၏ယာဘက်မီး

ဖြင့်အချက်ပြရန် သတ်မှတ်ထားပါတယ်။ သို့ရာတွင် ယာဉ်မောင်းများ အထူးသဖြင့် ကုန်တင်ကားကြီးများအများစုသည် အဝေးပြေးလမ်းမကြီးများပေါ်၌ ယာဉ်၏ဝဲဘက်မီးဖြင့်သာ လွဲမှားစွာအချက်ပြသုံးစွဲနေကြဆဲဖြစ်ပါတယ်။ ဤကဲ့သို့လွဲမှားသည့်အချက်ပြစနစ်များကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပေါ်လျက်ရှိပါတယ်။ မော်တော်ယာဉ်ကျော်တက်ရန် အချက်ပြမှုအမှန်သို့ ချောမွေ့စွာပြောင်းလဲကျင့်သုံးနိုင်စေရေးအတွက် အလေးထားလိုက်နာကျင့်သုံးကြရန် ၁-၉-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှန်သို့ တစ်ပြေးညီပြောင်းလဲကျင့်သုံးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ နှိုးဆော်ထားပြီးဖြစ်ပါတယ်။ အသိပညာပေးမှုအနေဖြင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ သို့ရာတွင် မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်းမကြီးများမှာ ယာဉ်မောင်းအများစုဟာ ကျင့်သားကျနေတဲ့ လွဲမှားတဲ့အချက်ပြခြင်းစနစ်ကိုသာ ပြသမောင်းနှင်နေကြဆဲဖြစ်ပါတယ်။ အဝေးပြေးလမ်းမပေါ်မှာ မော်တော်ယာဉ်များကျော်တက်နိုင်ကြောင်းကို လက်ယာမီးဖြင့် ယခုတိုင် အချက်ပြလိုက်နာသူ၊ ကျင့်သားကျနေသောစနစ်ဟောင်းအတိုင်း လက်ဝဲအချက်ပြမီးဖြင့် အချက်ပြသူ၊ မည်သည့်အချက်ပြမီးမှ မပြသတော့ဘဲ အဆင်ပြေသလိုကျော်တက်နိုင်သူ စသဖြင့် ကွဲပြားသွားစေပြီး နားလည်မှု၊ လွဲမှားမှုများစွာဖြစ်ပေါ်နေပါတယ်။ မန္တလေး-လားရှိုးကဲ့သို့ အဝေးပြေးလမ်းမကြီးမှာ ကွေ့ကောက်ခက်ခဲတဲ့ ဂုတ်တွင်းလမ်းနေရာများမှာ အချက်ပြမီးပြသနာ လွန်စွာအရေးကြီးလှပါတယ်။ အမြန်လမ်းမကြီးများမှလွဲ၍ နယ်အဝေးပြေးလမ်းမကြီးများမှာ ဒီအချက်ပြမီးစနစ်ကို ယာဉ်မောင်းများ၊ အသုံးပြုသူများနေကြသဖြင့် အခက်အခဲများ ရင်ဆိုင်နေရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တကယ်တော့ ယာဉ်မောင်းများ ယာဉ်မောင်းလိုင်စင် လျှောက်ထားဖြေဆိုစဉ်ကပင် ဤအချက်ပြမီးနှင့်စပ်လျဉ်း၍ မေးခွန်းများအောင်မြင်စွာဖြေဆိုခဲ့ကြပြီး ဖြစ်ပါတယ်။ သို့ရာတွင် နယ်အဝေးပြေးလမ်းမကြီးများ၊ ကွေ့ကောက်သော တောင်တက်ခရီးများ၌ ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်ဖြတ်သန်းရာတွင် လက်ယာမီးများကိုယ်စီပြ၍ လမ်းတစ်ဝက်အထိချပြီး ဖြတ်သန်းမောင်းနှင်သည့်အကျင့်မှစပြီး ဤမော်တော်ယာဉ်ဥပဒေနှင့် ဆန့်ကျင်ဘက်အချက်ပြသည့် ကိစ္စရပ်များပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီခေတ်တွင် ပြဋ္ဌာန်းထားသည့်ဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ကျွန်တော်တို့ တစ်ပြေးညီလိုက်နာကျင့်သုံးကြရမှာဖြစ်ပါတယ်။ ပြည်သူလူထုအတွက် အာမခံချက်ရှိသော စည်းမျဉ်းစည်းကမ်းများဖြစ်ဖို့ လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ လမ်းသုံးပြည်သူအားလုံး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် မှန်ကန်သောအချက်ပြမီးတစ်ပြေးညီပြောင်းလဲကျင့်သုံးသွားနိုင်ရန် မည်ကဲ့သို့ဆက်လက်စီစဉ်ဆောင်ရွက်သွားမှာကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း၏ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီမှ လမ်းအသုံးပြုသူအားလုံး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် မှန်ကန်သော ယာဉ်အချက်ပြမီး တစ်ပြေးညီပြောင်းလဲကျင့်သုံးသွားနိုင်ရန် မည်ကဲ့သို့ ဆက်လက်စီစဉ်ဆောင်ရွက် သွားမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ မော်တော်ယာဉ်များမောင်းနှင်ရာ၌ အချက်ပြမီး မှားယွင်းစွာအသုံးပြုနေမှု များနှင့်ပတ်သက်ပြီးတော့ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အမှန်သို့ပြောင်းလဲကျင့်သုံးနိုင်စေရေး အတွက် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ပညာပေးကာလ အဖြစ်သတ်မှတ်ခဲ့ပြီး ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက် ၆ နာရီမှစတင်ပြီး ယာဉ်များ ကျော်တက်ရာမှာ အချက်ပြမီး အမှန်အတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း တစ်ပြေးညီစတင်ပြောင်းလဲကျင့်သုံးရေးအတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် စတင်ပြီးတော့ ပြန်ကြား ရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်မီဒီယာများတွင် အသိပေးနှိုးဆော်သွားရန် ဆောင်ရွက်ခဲ့ပါတယ်။

ပညာပေးကာလအတွင်း၌လည်း ယခင်က MRTV မှာ ရိုက်ကူးထုတ်လွှင့်ပြသခဲ့တဲ့ ပညာပေး ဇာတ်လမ်းတိုများ၊ ပညာပေးနှိုးဆော်တဲ့ ရုပ်သံအစီအစဉ်များကို ပြန်လည်ထုတ်လွှင့်ပြသခြင်း၊ ပညာပေးရုပ်သံအစီအစဉ်အသစ်များ ထပ်မံစီစဉ်ရိုက်ကူးထုတ်လွှင့်ခြင်းတို့အတွက် အမျိုးသားယာဉ် အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါ တယ်။ အချက်ပြမီးအမှန်အသုံးပြုစေရေးအတွက် သတိပေးနှိုးဆော်မှုများကို မြန်မာ့အသံရေဒီယိုမှ ၂၀၁၇ ခုနှစ် ဇွန်လမှစတင်၍ ယနေ့အထိ တစ်ရက်လျှင် ငါးကြိမ်မှ ခုနစ်ကြိမ်အထိ အသံလွှင့်လျက် ရှိပြီး မြန်မာ့ရုပ်မြင်သံကြားမှလည်း ၂၀၁၇ ခုနှစ် ဇွန်လမှာ ၃၄ ကြိမ်၊ ဇူလိုင်လမှာ အကြိမ် ၃၀၊ ဩဂုတ်လ၊ စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများမှာ တစ်လလျှင် ငါးကြိမ်မှ ခြောက်ကြိမ်စီအထိ ထုတ်လွှင့်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ ၃၃ ကြိမ်၊ ဖေဖော်ဝါရီလမှာ ၅၁ ကြိမ်နှင့် မတ်လမှာ ငါးကြိမ်ပညာပေးထုတ်လွှင့်ခဲ့ပါတယ်။ ထို့ပြင် လက်ကမ်းစာစောင် အစောင်ရေ လေးသိန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနရုံးများကို ဖြန့်ဝေပေးခဲ့ပြီး အဝေးပြေးကုန်တင်ယာဉ်နှင့် ခရီးသယ်တင်ယာဉ် ယာဉ်မောင်းများအား အဓိကထား၍ တစ်ဆင့်ဖြန့်ဝေပေးစေခဲ့ပါတယ်။ အချက်ပြမီးအမှန်သို့ စတင်ပြောင်းလဲကျင့်သုံးမည့်

နေ့ရက်ရောက်ရှိရန် အချိန်နီးကပ်လာသည့်အခါမှာ ပညာပေးအစီအစဉ်များနှင့် အသိပေးနှိုးဆော်ချက်များကိုလည်း တိုးမြှင့်ထုတ်လွှင့်ဖော်ပြ၍ နှိုးဆော်ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ဇွန်လမှ ၂၀၁၈ ခုနှစ် ဧပြီလအထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲ ၃၁၆၃ ကြိမ် ဆောင်ရွက်ခဲ့တဲ့နေရာမှာလည်း အချက်ပြမီး မှန်ကန်စွာအသုံးပြုနိုင်ရေးအချက်ကို အသိပညာပေးထည့်သွင်းဟောပြောဆွေးနွေးခဲ့ပါတယ်။ အဲဒီလို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ခြင်းများကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်များရှိ လမ်းမများ၌ နောက်ယာဉ် ကျော်တက်ခြင်းနှင့်ပတ်သက်၍ အချက်ပြမီးအမှန်အသုံးပြုခြင်းအား ယာဉ်မောင်းအများစုက ပြောင်းလဲလိုက်နာကျင့်သုံးခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ဒါပေမဲ့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်း အချို့သော အဝေးပြေးလမ်းမများ၌ မောင်းနှင်သွားလာတဲ့မော်တော်ယာဉ်မောင်းအချို့အနေနဲ့ မှန်ကန်တဲ့အချက်ပြမှုသို့ လိုက်နာပြောင်းလဲကျင့်သုံးမှုမရှိသေးကြောင်း သိရှိရသဖြင့် ထပ်မံအသိပေးနှိုးဆော်ချက်များအား MRTV အပါအဝင် အခြားပုဂ္ဂလိကရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသခြင်း၊ နိုင်ငံပိုင်သတင်းစာများ၊ ပုဂ္ဂလိကသတင်းစာနှင့် ဂျာနယ်များတွင် ထည့်သွင်းဖော်ပြခြင်း၊ အထူးသဖြင့် မြန်မာ့အသံရေဒီယိုနှင့် ပုဂ္ဂလိက FM အသံလွှင့်အစီအစဉ်များမှာ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းထုတ်လွှင့်ခြင်းတွေ ဆောင်ရွက်ရေးအတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီမှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှာ ထပ်မံညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ထို့ကဲ့သို့ညှိနှိုင်းဆောင်ရွက်ခဲ့လို့ မြန်မာ့အသံရေဒီယိုနှင့် ပုဂ္ဂလိက FM အသံလွှင့်အစီအစဉ်များ မှာ အသိပေးနှိုးဆော်ချက်များကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ စုစုပေါင်းအကြိမ် ၈၄၀ ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။

ဒါပေမဲ့လည်း ယနေ့တိုင် အချက်ပြမီးအမှန်သို့ ပြောင်းလဲကျင့်သုံးဆောင်ရွက်ခြင်းမရှိသေးတဲ့ ယာဉ်မောင်းအနည်းစု ကျန်ရှိနေဆဲဖြစ်တဲ့အတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းကောင်စီအနေနဲ့ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကုန်သေတ္တာယာဉ်များအသင်းတို့နှင့်ပူးပေါင်းပြီးတော့ အချက်ပြမီးအမှန်အသုံးပြုစေရေးအတွက် ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ဆဲဖြစ်တဲ့ အသိပညာပေးနှိုးဆော်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ အဝေးပြေးလမ်းမကြီးများပေါ်မှာ ကုန်တင်ယာဉ်နှင့် အဝေးပြေးယာဉ်များမောင်းနှင်တဲ့ ယာဉ်မောင်းများနှင့် အမြန်လမ်းပေါ်မောင်းနှင်နေတဲ့ ယာဉ်မောင်းများကို အထူးအလေးထား၍ ပညာပေးမှုများဆောင်ရွက်ခြင်း၊ ယာဉ်မောင်းလိုင်စင်ဖြေဆိုလျှောက်ထားရာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းများကို ပို့ချရာမှာ ဦးစားပေးအနေနဲ့ ထည့်သွင်းပို့ချခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများ၌ ပြုလုပ်လျက်ရှိတဲ့

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ပညာပေးဟောပြောပွဲများ၌ အချက်ပြမီးအမှန်အသုံးပြုစေရေး ပို၍ အလေးထားဟောပြောခြင်းများဆောင်ရွက်ခြင်း၊ အချက်ပြမီးမှားယွင်းစွာ အသုံးပြုနေခြင်းများနှင့် စပ်လျဉ်းပြီး မော်တော်ယာဉ်ဥပဒေပါ ပြစ်ဒဏ်ပြဋ္ဌာန်းချက်ကို ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာ သိရှိစေနိုင်ရေးအတွက် အသိပညာပေးမှုများဆောင်ရွက်ခြင်းနှင့် ပြစ်မှုကျူးလွန်သည့် ယာဉ်မောင်းများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ခြင်းတို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အချက်ပြမီးအမှန်ပြောင်းလဲကျင့်သုံးရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ပညာပေး နှိုးဆော်ခြင်းများ ဆောင်ရွက်ပင်ငြားသော်လည်း အဓိကမှာ ယာဉ်မောင်းအားလုံးက အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်လျက် အမှန်သို့ပြောင်းလဲ၍ လက်ခံကျင့်သုံးရန်အရေးကြီးပါတယ်။ အချို့သော ယာဉ်မောင်းများကဆိုလျှင် သိလျက်နှင့်လက်ခံကျင့်သုံးမှုမပြုကြခြင်း၊ တစ်သက်လုံး ကျင့်သုံးလာခဲ့တဲ့ အမှားကိုသာ အရိုးစွဲအလေ့အထတစ်ရပ်အဖြစ် ဆက်လက်ကျင့်သုံးနေကြခြင်း၊ မိမိတို့၏ မှားယွင်းတဲ့ လုပ်ဆောင်မှုကြောင့် မိမိတို့တင်မကဘဲ တခြားသူတွေကိုပါ အသက်ဘေးအန္တရာယ်ကျရောက်စေနိုင်သည်ကို မစဉ်းစားမဆင်ခြင်ကြခြင်းတို့ကြောင့် ရာခိုင်နှုန်းပြည့်အောင်မြင်မှုမရသေးကြောင်း သုံးသပ်ရရှိပါတယ်။

သို့ရာတွင် တဖြည်းဖြည်းချင်းဖြင့် အမှန်များလာပြီး အမှားများပပျောက်သွားသည်အထိ အသိပညာပေးမှုများ၊ နှိုးဆော်မှုများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိ ဆောင်ရွက်နေတဲ့ နည်းလမ်းများကလည်း ထိရောက်အကျိုးရှိတဲ့နည်းလမ်းကောင်းများဖြစ်တဲ့အတွက် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းငေါ်ဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါခင်ဗျ။ ဝန်ကြီးဌာနမှ ယခုလို ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းမှာ ကျွန်တော်တင်ပြမေးမြန်းထားတာ လမ်းအသုံးပြုသူများ ဆိုတာပါရှိပါတယ်ခင်ဗျ။ လမ်းအသုံးပြုသူများဆိုတဲ့နေရာမှာ ဒီလမ်းမကြီးပေါ်မှာ ရိုးရိုးလမ်းလျှောက်သွားတဲ့လူ၊ စက်ဘီးစီးတဲ့လူ၊ ဆိုင်ကယ်၊ မြင်းလှည်း၊ ဆိုက်ကားသမားကအစ အားလုံးပါဝင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ Pamphlet တွေဝေတာတွေကိုလည်း ရရှိပါတယ်။ သို့သော် ဒီ Pamphlet တွေ၊ ဒီယာဉ်မောင်းသူတွေအတွက် သီးသန့်ဝေတာမျိုးမဟုတ်ဘဲနဲ့ ခုနက ကျွန်တော်တင်ပြသလိုမျိုး လမ်းအသုံးပြုသူများအားလုံး လိုက်နာသိရှိထားဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ၁၉၇၀ ခုနှစ်ဝန်းကျင်မှာ လက်ဝဲကပ်စနစ်ကို လက်ယာကပ်စနစ် ပြောင်းတဲ့အခါမှာ Campaign တွေပြုလုပ်ပြီးမှ မြို့နယ်အလိုက်ဆောင်ရွက်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ ဖတ်ရှုလေ့လာ မှတ်သားရပါတယ်။ အခုလည်း လူထုနဲ့အများဆုံးထိတွေ့တဲ့ ဥပမာ- စာသင်ကျောင်းလိုနေရာမျိုး၊ ကျွန်တော်တို့ တောင်ပေါ်ဒေသလူတွေမှာကျတော့ ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေကနေတစ်ဆင့် ပြီးတော့မှ ဒီယာဉ်မောင်းတွေကို ချဉ်းကပ်ပြီးတော့မှ ပညာပေးစည်းရုံးဟောပြောတာမျိုးတွေဖြစ်စေချင်ပါတယ်။ အဲဒီလို

အစီအစဉ်မျိုးလေးတွေ ဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်။ ဒီလိုအစီအစဉ်မျိုးရှိ/မရှိလည်း သိရှိလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အကြံပြုချက်ဟာ အင်မတန်မှ သင့်လျော်မှုရှိပါတယ်။ လောလောဆယ်တော့ ကျွန်တော်စောစောက တင်ပြသွားတဲ့ အတိုင်း ကျွန်တော်တို့က ယာဉ်မောင်းသူတွေကိုပဲ အဓိကထားပြီးတော့ ဒီဟာကတော့ ယာဉ်ကျော် တက်တဲ့နေရာမှာ အချက်ပြမီးအမှန်သုံးစွဲတဲ့ကိစ္စနှင့်ပတ်သက်တဲ့ ယာဉ်မောင်းသူများကိုသာ အဓိက ထားပြီးတော့ ကျွန်တော်တို့က နှိုးဆော်ပညာပေးမှုများဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောသလို ကျွန်တော်တို့အနေနဲ့ ဘယ်လိုပဲဖြစ်ဖြစ် ဒီယာဉ်မောင်း သူများရဲ့မိသားစုကအစ သူတို့ရဲ့အုပ်ချုပ်သူတွေပါ ကျယ်ကျယ်ပြန့်ပြန့်သိအောင်အတွက် ကျွန်တော်တို့အနေနဲ့ ကျောင်းတွေမှာ ပညာပေးဟောပြောပွဲတွေအတွက် ထည့်သွင်းပြီးတော့ ဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့က ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ကျောက်ဖြူမြို့နယ်၊ သန်ပန်ချောင်းရပ်ကွက်ရှိ အမှတ်(၁)ဆိပ်ခံတံတား၌ ပြည်တွင်းရေကြောင်းသွား ခရီးသည်တင်သင်္ဘောနှင့် အခြားကုန်တင်သင်္ဘောများဆိုက်ကပ်ခွင့်မရရှိခြင်း၊ အမှတ်(၃)ဆိပ်ခံတံတား သည် လက်တွေ့တွင် အသုံးမတည့်ဖြစ်နေခြင်း၊ ငလပွေ့ကျေးရွာရှိ အမှတ်(၂)ဆိပ်ခံတံတားအား အဆင့်မြှင့်တင်တိုးချဲ့ရာတွင် မြေနေရာအခက်အခဲများရှိနေခြင်း၊ ကျောက်ဖြူမြို့ သန်ပန်ချောင်း ရပ်ကွက်၊ ကမ်းနားလမ်း၊ ကျောက်ဖြူမြစ်ကမ်းတွင် ခေတ်မီဆိပ်ကမ်းတစ်ခု တည်ဆောက်ပေးရန်တို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော့်အနေနဲ့ ရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းမှာလိုအပ်တဲ့ ဆိပ်ကမ်းတစ်ခုကို ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်မှာ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့်ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်တဲ့နေရာတွေမှာ Power Point နဲ့တင်ပြခွင့်ပြုပါ။ Power Point တင်ပေး ပါ။ ဒါတွေကတော့ ကျွန်တော့်မေးခွန်းမှာတော့ အရေအတွက်များနေပေမဲ့ အကြောင်းအရာတစ်ခု တည်းကို ကဏ္ဍအလိုက်ခွဲပြီးတော့ မေးမြန်းထားတာဖြစ်ပါတယ်။ ဒါကတော့ ကျောက်ဖြူမြို့တည်နေပုံ နဲ့ ကျောက်ဖြူမြို့ရဲ့ မြောက်ဘက်၊ အပေါ်ဘက်မှာ ကျောက်ဖြူမြစ်၊ ဒီမှာ အမှတ်(၁)နဲ့ အမှတ်(၃)ဆိပ်ခံ တံတားတွေရှိပါတယ်။ မြို့ရဲ့တောင်ဘက် အမှတ်(၂)ဆိပ်ခံတံတားဆိုတာ အနီကွက်နဲ့ပြထားတဲ့ဟာတွေ ကျောက်ဖြူမြို့မှာအသုံးပြုတဲ့ ဆိပ်ခံတံတားတွေဖြစ်ကြပါတယ်။ ဒါကတော့ မြို့ရဲ့မြောက်ဘက်

ကျောက်ဖြူမြစ်ကမ်းမှာရှိတဲ့ အမှတ်(၁)နဲ့(၃)ဆိပ်ခံဖြစ်ပါတယ်။ ဒါကတော့ မြို့ရဲ့တောင်ဘက် အမှတ်(၂)ဆိပ်ခံတံတားပုံဖြစ်ပါတယ်။ ကျွန်တော်တို့ကျောက်ဖြူမြို့မှာ ဆိပ်ခံတံတား (၁)(၂)(၃)ဆိုပြီး တော့ ရှိတယ်။ ဒီ (၁)(၂)(၃)ဆိုတာကတော့ (၁)ကတော့ မူလ ဒီအမှတ်(၁) ဆိပ်ခံတံတားဆိုတာ ပုံမှာ တွေ့ရတဲ့အတိုင်း အရင်းတုန်းကပဲ ကျွန်တော်တို့ စဉ်ဆက်မပြတ် အသုံးပြုလာတဲ့ ဆိပ်ခံတံတားဖြစ်ပါ တယ်။ အမှတ်(၂)မြို့ရဲ့တောင်ဘက်မှာလည်း အရင်းတုန်းကပဲ ပင်လယ်ကမ်းရိုးတန်းသင်္ဘောတွေ အဓိကသုံးတဲ့ သင်္ဘောဆိပ်ခံဖြစ်ပါတယ်။ ဒီနေ့အချိန်အခါမှာတော့ ပုံမှာတွေ့ခဲ့ရတဲ့အတိုင်းပဲ အမှတ်(၂)ဆိပ်ကမ်းမှာ ဆိပ်ခံတံတားတွေ ပြည့်ကျပ်နေပြီးတော့ တိုးချဲ့ဖို့အခက်အခဲရှိတယ်။ ဒီအမှတ်(၁)ဆိပ်ခံတံတားကလည်း Daewoo ကုမ္ပဏီကို ပေးပြီးတော့အသုံးပြုထားတဲ့အတွက် ကျွန်တော်တို့ နိုင်ငံသားတွေ၊ ကျွန်တော်တို့ တိုင်းရင်းသားဒေသခံခရီးသွားတွေ အသုံးပြုလို့မရတော့ ပါဘူး။ အဲဒါကြောင့် ဒီ ပြီးခဲ့တဲ့လွှတ်တော် ပထမအကြိမ်လွှတ်တော်မှာ ကျွန်တော်က ဆိပ်ကမ်း ဆိပ်ခံတံတားတစ်ခုတည်ဆောက်ပေးဖို့ပြောတဲ့အခါ အမှတ်(၃)ဆိပ်ခံတံတားကို တည်ဆောက်ပေးခဲ့ ပေမဲ့လည်း ဒီဆိပ်ခံတံတားကသေးသေးလေး အသုံးမတည့်ဖြစ်နေပါတယ်။ အဲဒါကြောင့် ဒီလိုမေးခွန်း မေးဖို့အတွက် အခြေအနေပေါ်ပေါက်လာတာဖြစ်ပါတယ်။ ဒီနေရာမှာ ဆိပ်ခံတံတားတိုးချဲ့ဖို့ဆိုပြီးတော့ အရင်အစိုးရအဆက်ဆက်တုန်းကပဲ ဒီအပင်လေးတွေပေါက်နေတဲ့ အနီလေးထောင့်ဝိုင်းထားတဲ့နေရာ မှာ အရင်တုန်းက ကျူးကျော်တဲတွေ၊ ဈေးဆိုင်လေးတွေရှိတယ်။ ဖယ်ရှားထားခဲ့ပါတယ်။ အဲဒီအဝါလိုင်း ကတော့ မြေနေရာဆိပ်ကမ်းသစ်တည်ဆောက်ဖို့အတွက် မြေနေရာစီစဉ်ထားခဲ့တဲ့မြေနေရာဖြစ်ပါ တယ်။ ဒီနေရာမှာ ကျောက်ဖြူမြို့အတွက် ခေတ်မီရေကြောင်းပို့ဆောင်ရေးဆိပ်ကမ်း ဆိပ်ခံတံတား တစ်ခု တည်ဆောက်ပေးမယ်ဆိုလို့ရှိရင် မြေနေရာအကျယ်အဝန်းလည်း လုံလုံလောက်လောက် ရှိတယ်။ အဲဒါကြောင့် ဆိပ်ခံတံတားတစ်ခုတည်ဆောက်ပေးဖို့ လိုအပ်တဲ့အတွက်ကြောင့် ကျွန်တော် ဒီလွှတ်တော်ထဲမှာ မေးခွန်းတင်သွင်းလာတာဖြစ်ပါတယ်။ Power Point ရပ်လို့ရပါပြီ။ လေးစားအပ် တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် သက်ဆိုင်ရာကိုမေးမြန်းလိုတာကတော့ အဓိက ကျောက်ဖြူမြို့မှာ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းအတွက် ခေတ်မီဆိပ်ကမ်းတစ်ခုကို ကျောက်ဖြူမြို့၊ သန်ပန်ချောင်း ရပ်ကွက် စာစာကကျွန်တော် Power Point မှာ ဖော်ပြထားတဲ့ နံပါတ်(၄) Power Point မှာ နောက်ဆုံး Power Point မှာ ဖော်ပြထားတဲ့ သန်ပန်ချောင်းရပ်ကွက် ကမ်းနားလမ်းမှာ တည်ဆောက် ပေးဖို့ ဆိုတာရယ်၊ နောက်တစ်ခါ တည်ဆောက်ပေးမယ်ဆိုလို့ရှိရင် ဘယ်လိုအစီအမံတွေနဲ့ တည်ဆောက်ပေးမလဲဆိုတာကို သက်ဆိုင်ရာဝန်ကြီးဌာနကို လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်၏ ကျောက်ဖြူမြို့ ဆိပ်ခံတံတားများနှင့်စပ်လျဉ်းတဲ့မေးခွန်း များအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး

ဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်က မေးမြန်းချက်တစ်ခုချင်းအလိုက် ပြန်လည်ဖြေကြားခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းများအပေါ် ပြည့်ပြည့်စုံစုံရှင်းလင်းဖြေကြားနိုင်ရေးအတွက် အချိန်ပိုအနည်းငယ်ခွင့်ပြုပေးပါရန် ကြိုတင်၍ ပန်ကြားတင်ပြထားအပ်ပါတယ်ခင်ဗျား။

ရှေးဦးစွာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပထမမေးမြန်းချက်ဖြစ်တဲ့ ကျောက်ဖြူမြို့ သန်ပန်ချောင်းရပ်ကွက်ရှိ အမှတ်(၁)ဆိပ်ခံတံတားကို ပုဂ္ဂလိကကုမ္ပဏီများက ရယူအသုံးပြုထားကြသဖြင့် ပြည်တွင်းရေကြောင်းသွားခရီးသည်တင်သင်္ဘောနှင့် အခြားကုန်တင်သင်္ဘောများ ထိုဆိပ်ခံတံတား၌ဆိုက်ကပ်ခွင့်မရရှိကြသည်ကို သိပါသလားမေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားပါမယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ ကျောက်ဖြူမြို့ သန်ပန်ချောင်းရပ်ကွက် အမှတ်(၁) ဆိပ်ခံတံတားဆိုရင် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းအတွက် ကျွန်တော် ယခင် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုစာချုပ် Production Sharing Contract စာချုပ်ကို Posco Daewoo ကုမ္ပဏီနဲ့ချုပ်ဆိုခဲ့ပါတယ်။ ထိုကဲ့သို့ စွမ်းအင်ဝန်ကြီးဌာနနဲ့ ချုပ်ဆိုထားတဲ့ Posco Daewoo ကုမ္ပဏီအနေနဲ့ ယခင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့က ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှာ ချုပ်ဆိုခဲ့တဲ့ နှစ် ၃၀ BOT စာချုပ်အရ မြေငှားရမ်းတည်ဆောက်ထားတဲ့ ထောက်ပံ့ရေးတံတား(Supply Jetty) ဖြစ်ပါတယ်။

အမှတ်(၁)ဆိပ်ခံတံတားရဲ့ ပြုပြင်ထိန်းသိမ်းမှုနှင့် လုပ်ငန်းလည်ပတ်မှုတွေကို Posco Daewoo ကုမ္ပဏီရဲ့ စီမံခန့်ခွဲမှုဖြင့်သာ ဆောင်ရွက်လျက်ရှိပြီး အဲ့ဒီတံတားဟာဆိုရင် Explosive Use Certificate လို့ခေါ်တဲ့ ပေါက်ကွဲစေတတ်တဲ့အရာဝတ္ထုပစ္စည်းများ ကိုင်တွယ်အသုံးပြုမှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိထားသဖြင့် နိုင်ငံတကာသင်္ဘောနှင့် ဆိပ်ကမ်းများရဲ့လုံခြုံရေးဆိုင်ရာ ISPS Code အရ ဘေးအန္တရာယ်လုံခြုံရေးကန့်သတ်ချက်များရှိခြင်းကြောင့်လည်းကောင်း၊ တံတားဟာဆိုရင် ပုံမှန်ထက်ပိုပြီးတော့ မြင့်ပြီးတော့တည်ဆောက်ထားတဲ့အတွက် အခြားရေယာဉ်များ ဆိုက်ကပ်၍ မရခြင်း ဖြစ်ပါတယ်။

ဒီ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ အမှတ်(၂)ဆိပ်ခံတံတားကတော့ ကျောက်ဖြူမြို့မှ တစ်မိုင်ခန့်ဝေးတဲ့ ငလပွေ့ချောင်းအတွင်းမှာတည်ရှိတဲ့ ဆိပ်ခံတံတားဖြစ်ပြီးတော့ ရေတက်/ရေကျမှာ သင်္ဘောများဆိုက်ကပ်ရာမှာလွယ်ကူပြီး လှိုင်းလေကွယ်ရာနေရာဖြစ်သဖြင့် ခရီးသည်များအတွက် အန္တရာယ်ကင်းရှင်းတဲ့ဆိပ်ကမ်းတစ်ခုဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ။ မြို့မှတစ်မိုင်ခန့်ကွာဝေးသဖြင့် ခရီးသည်များ သွားလာရေးခက်ခဲမှုရှိနိုင်မှာမှန်သော်လည်း အခုအခါ ဆိပ်ကမ်းသို့ဆင်းရာလမ်းသို့ ကွန်ကရစ်လမ်း ခင်းထားပြီးဖြစ်၍ ယခင်ကထက် သွားလာရေးပိုမိုလွယ်ကူချောမွေ့နေကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဒုတိယမေးမြန်းချက်ဖြစ်တဲ့ အမှတ်(၁)ဆိပ်ခံတံတားကို ပြည်သူသုံးစွဲခွင့်မရသဖြင့် ပြည်ထောင်စုစွမ်းအင်ဝန်ကြီးဌာန အကူအညီဖြင့် အမှတ်(၃)ဆိပ်ခံတံတားကို ဆောက်လုပ်ပေးခဲ့သော်လည်း ထိုတံတားက လက်တွေ့မှာ အသုံးမတည့်ဖြစ်နေသည်ကိုသိပါသလားမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားပါမယ်။

အမှတ်(၁)တံတားဆိုရင် Posco Daewoo ကုမ္ပဏီသို့ငှားရမ်းခဲ့တဲ့အတွက် ဒေသခံပြည်သူများရဲ့ လိုလားချက်အရ ယခင်စွမ်းအင်ဝန်ကြီးဌာနရဲ့ ညှိနှိုင်းချက်ဖြင့် ကုမ္ပဏီမှ CSR လုပ်ငန်းတစ်ရပ် အနေဖြင့် သံကူကွန်ကရစ်ဖြင့် အမှတ်(၃)ဆိပ်ခံတံတားကို လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ မြေပုံပါအတိုင်း ပင်လယ်ပြင်မှ ကျောက်ဖြူမြို့သို့ ဝင်ရောက်ရာရေလမ်းကြောင်းဘေး အမှတ်(၁) တံတားရဲ့အောက်ဘက်မှာ ဆောက်လုပ်ပေးခဲ့ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှာ လွှဲအပ်ပေးခဲ့ပါတယ်။

အမှတ်(၃)တံတားဆိုရင် ပင်လယ်ပြင်နဲ့ဆက်စပ်နေတဲ့နေရာမှာ တည်ရှိနေတဲ့အတွက် မိုးရာသီ ကာလအတွင်း အချိန်မရွေးလှိုင်းနဲ့လေရိုက်ခတ်မှုဖြစ်ပေါ်လေ့ရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးရေယာဉ်များအပါအဝင် ခရီးသည်တင်ရေယာဉ်များအနေနဲ့ သင်္ဘောနှင့် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မိုးရာသီကာလအတွင်း ဆိုက်ကပ်ခြင်းမပြုဘဲ ပွင့်လင်းရာသီဖြစ်တဲ့ နိုဝင်ဘာလမှဧပြီလအတွင်းသာဆိုက်ကပ်လျက်ရှိခြင်းဖြစ်ပါတယ်။ ခရီးသည်တင် သင်္ဘောများအနေနဲ့ ငလပွေ့ချောင်းအတွင်းရှိ အမှတ်(၂)ဆိပ်ခံတံတားမှာ ရာသီမရွေးယုံကြည်စိတ်ချ စွာ အသုံးပြုနိုင်ခြင်းကြောင့် အမှတ်(၃)တံတားကို အသုံးမပြုခြင်းလည်း ပါရှိပါတယ်။ ထို့အပြင် အမှတ်(၃)တံတားရှေ့ရှိ ရေစီးကြောင်းမှာ ပုံမှန်ရေတက်/ရေကျ တစ်ဖက်စီအလှည့်ကျမစီးဘဲ ရေကျ ဘက်ကိုသာ အမြဲစီးနေခြင်းကြောင့် ခရီးသည်တင်ရေယာဉ်များအတွက် တံတားကပ်ရန်အခက်အခဲ ဖြစ်စေပါတယ်။ တံတားဧရိယာမှာလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားသလို အနည်းငယ် ကျဉ်းမြောင်းပါတယ်။ ဒါပေမဲ့လည်း ကမ်းရိုးတန်းသွားရေယာဉ်(သစ်သားခွံ)နှင့် ကမ်းဝေးငါးဖမ်း ရေယာဉ်များမှ အမှတ်(၃)တံတားကို ဆိုက်ကပ်အသုံးပြုလျက်ရှိရာ ၂၀၁၆-၂၀၁၇ ခုနှစ်နဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များအတွင်းမှာဆိုရင် ငါးဖမ်းစက်လှေ ၂၈၈ စီးနဲ့ ကမ်းရိုးတန်းသွားသင်္ဘော လေးစီးတို့ ဆိုက်ကပ်ခဲ့ပါတယ်။ ကမ်းဝေးငါးဖမ်းလှေများအနေနဲ့ ရေခဲများတင်ဆောင်ရန် ဆိုက်ကပ် လျက်ရှိရာ ဒေသရှိရေခဲလုပ်ငန်းရှင်များအနေနဲ့ အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တတိယမေးမြန်းချက်ဖြစ်တဲ့ ငလပွေ့ကျေးရွာရှိ အမှတ်(၂)ဆိပ်ခံတံတား အဆင့်မြှင့်တင်တိုးချဲ့ရာမှာ မြေနေရာအခက်အခဲများရှိနေသည်ကို သိပါသလားမေးခွန်းနဲ့စပ်လျဉ်း၍ ဖြေကြားပါမယ်ခင်ဗျား။ ငလပွေ့ဆိပ်ကမ်း အမှတ်(၂)ဆိပ်ခံတံတားနေရာမှာ တိုင်းရင်းသားလုပ်ငန်းရှင် ကြံတိုင်းအောင်မိသားစု (ကျောက်ဖြူ)ကုမ္ပဏီလီမိတက်ရဲ့ ရင်းနှီးမြှုပ်နှံမှုဖြင့် ၁၀၈ ပေ x ပေ ၃၆ ပေရှိ ကွန်ကရစ်တံတား တစ်စင်းကို အကျိုးတူတိုးချဲ့တည်ဆောက်ခွင့် လျှောက်ထားလာခြင်းရှိသဖြင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ကွန်ကရစ်တံတားအတွက် နောက်ခံနေရာ ၀.၈၈ ဧက ရှိသဖြင့် အဆိုပါတံတားကို တိုးချဲ့ရန်အတွက် မြေနေရာလုံလောက်မှုရှိပါကြောင်း တင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ဆိပ်ခံတံတားများ၊ ကုန်လှောင်ရုံများ၊ ကုန်တင်ကုန်ချ စနစ်များကို အဆင့်မြှင့်တင်မှုများပြုလုပ်ရာမှာ အဆိုပါတံတားရဲ့ ဒေသတွင်းအသုံးဝင်မှု၊ သင်္ဘော အဝင်/အထွက်နှင့် ဆိုက်ကပ်တဲ့စင်းရေ၊ ရေယာဉ်အရွယ်အစား၊ ကုန်ပစ္စည်းအမျိုးအစားနှင့် အရေ

အတွက်စတဲ့အချက်များအပြင် အခြားဆက်စပ်ပတ်သက်တဲ့ အချက်များအပေါ် မူတည်ပြီးတော့ အဆင့်မြှင့်တင်သင့်/မသင့်ကို စိစစ်ဆုံးဖြတ်ပြီး ဆောင်ရွက်ရပါကြောင်း ဖြေကြားထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ ကမ်းနားလမ်း၊ ကျောက်ဖြူမြစ်ကမ်းတွင် ခေတ်မီဆိပ်ကမ်း တစ်ခုတည်ဆောက်ပေးရေးနဲ့စပ်လျဉ်းတဲ့ နောက်ဆုံးမေးမြန်းချက်များအပေါ် ခြုံငုံ၍ဖြေကြားခွင့်ပြုပါ ခင်ဗျား။ ကျောက်ဖြူမြို့ မြစ်ကမ်းခြေတစ်လျှောက်နဲ့ ငလပွေ့ချောင်းတို့ဟာဆိုရင် ဆိပ်ကမ်းနယ်နိမိတ် ကျရောက်တည်ရှိပါတယ်။ ဆိပ်ကမ်းအသစ်တစ်ခုတည်ဆောက်မယ်ဆိုရင် ဆိပ်ကမ်းတည်ဆောက်မယ့် နေရာအတွက် လုံလောက်တဲ့ကျောထောက်နောက်ခံမြေနေရာ၊ လုံလောက်ရေအနက်၊ အဆိုပါနေရာမှာ တံတားတည်ဆောက်လိုက်ခြင်းဖြင့် လက်ရှိရေလမ်းကြောင်း ပြောင်းလဲနိုင်မှုအခြေအနေ၊ မြစ်ကမ်းခြေ မြေအနေအထားပြောင်းလဲနိုင်မှုအခြေအနေနဲ့ အောက်ခံမြေနေရာရဲ့မာကျောကျစ်လျစ်မှုစသည်တို့ကို ရှိ/မရှိနှင့် လိုအပ်တဲ့ဘဏ္ဍာငွေကြေးနဲ့ ဒေသအတွက်ဆိပ်ကမ်းအတွက် အမှန်တကယ်လိုအပ်မှု အခြေအနေနဲ့ စီးပွားရေးအရတွက်ခြေကိုက်မှုရှိ/မရှိစတဲ့ လိုအပ်တဲ့အချက်အလက်များကို စနစ်တကျ လေ့လာဆန်းစစ်မှုများ(Feasibility Study)ပြုလုပ်ပြီးမှသာ အဆင့်ဆင့်တင်ပြအတည်ပြုချက်ရယူ၍ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ကျောက်ဖြူမြို့မှာ နောင်ဖြစ်ပေါ်လာမယ့် အထူး စီးပွားရေးဇုန်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လာတဲ့အချိန်မှာ ဆိပ်ခံတံတားများ၊ ဆိပ်ခံများ လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဖြစ်ထွန်းပေါ်ပေါက်လာကြမည်ဖြစ်ကြောင်း ဖြေကြားထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ ကျူးကျော်နှင့်ဂရန်မြေနေရာများနှင့်စပ်လျဉ်းပြီး တင်ပြ ရပါလျှင် ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက် ကမ်းနားလမ်းရှိမြေနေရာနဲ့ မြစ်နားတန်း(ဂျပန်ဆိပ်) ရှိ သဲသောင်မြေနေရာများဟာဆိုရင် ၂၀၁၁ ခုနှစ်ကပင် ကျောက်ဖြူမြို့နယ်မြေစာရင်းဦးစီးဌာနမှ မြေစာရင်းပုံစံ(၁၀၅)နဲ့ မြေပုံရေးဆွဲပြီး ကျောက်ဖြူမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အတည်ပြုလက်မှတ်ရေးထိုးထုတ်ပေးခဲ့တဲ့ မြေနေရာတွေဖြစ်ပါတယ်။ မြေအမျိုးအစားကို မြစ်ကမ်း သဲသောင်မြေအဖြစ်သတ်မှတ်ထားပြီး ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တစ်နှစ် ချင်း ခွင့်ပြုချက်ဖြင့် ငါး၊ ပုစွန်ဒိုင်လုပ်ငန်းရှင်များအား ငှားရမ်းခွင့်ပြုထားခြင်းဖြစ်ပြီး အချို့မြေနေရာ များကိုလည်း ဂရန်ခွင့်ပြုထားကြောင်းသိရှိရပါတယ်။ အဲဒီနေရာဟာဆိုရင် ၂၀၁၅ ခုနှစ် မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်ဥပဒေအရဆိုရင် ကမ်းနားနယ်၊ ကမ်းပါးနယ်ဖြစ်သဖြင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့နေရာများဖြစ်သော်လည်း ဆိပ်ကမ်းတစ်ခု၏ အဓိကလိုအပ်ချက် ဖြစ်သော လုံလောက်သောရေအနက်ရရှိရန်နေရာအထိ သဲသောင်ကမ်းနားရှည်လျားခြင်း၊ တစ်နှစ် ပတ်လုံး လှိုင်းလေကွယ်ရာနေရာမဟုတ်ခြင်း၊ ဆိပ်ကမ်းတည်ဆောက်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှု ပမာဏများပြားခြင်းတို့ကြောင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဆိပ်ကမ်းသစ်တည်ဆောက်ရန် စီစဉ်လျာထားချက်မရှိသေးခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လက်ရှိအခြေအနေမှာ ဆိပ်ကမ်းသစ်တည်ဆောက်မည်ဆိုပါကလည်း လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့နေရာဆိုရင် ရေစစ်ချိန်မှာ နုန်းတင်သဲများကျယ်ပြန့်စွာရှိနေခြင်း၊

တံတားတည်ဆောက်မည်ဆိုပါက ရင်းနှီးမှုများစွာကုန်ကျနိုင်မည်ဖြစ်သည့်အတွက် ဆိပ်ကမ်းလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ အဆိုပြုလာခြင်းများ မရှိသေးခြင်းတို့ကြောင့် လောလောဆယ် ဆိပ်ကမ်းအသစ်တစ်ခုတည်ဆောက်မည့် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းတစ်ချက်လောက်မေးချင်ပါတယ်။ အခု ဒုတိယဝန်ကြီးဖြေကြားသွားတဲ့ ဖြေကြားချက်တွေကိုတော့ ကျွန်တော်တို့ ကြားရတဲ့အတွက်ကြောင့် ကျေးဇူးတင်ချင်တာလည်းရှိတယ်၊ ကျေးဇူးမတင်ချင်တာလည်းရှိပါတယ်။ ဘာလို့လဲဆိုတော့ မြို့ရဲ့တောင်ဘက် ငလပွေ့ဆိပ်ကမ်းကအခြေအနေတွေကို ပြည့်ပြည့်စုံစုံရှင်းမပြဘဲနဲ့ မဖြစ်နိုင်တဲ့အခြေအနေကိုပဲ သာသာထိုးထိုးရှင်းပြသွားတယ်။ ကျောက်ဖြူမြို့ အမှတ်(၁)ဆိပ်ကမ်းရှိတဲ့ သန်ပန်ချောင်းရပ်ကွက်က ဆိပ်ကမ်းကို နိုင်ငံတော်အစိုးရအနေနဲ့ သင်္ဘောဆိပ်ကမ်းတစ်ခုလိုအပ်တယ်လို့ အယူအဆရှိ/မရှိရယ်၊ ရှိလို့ရှိရင်တော့ ဒီစမ်းသပ်လေ့လာမှုတွေ လုပ်ရမှာပါ။ အဲဒါကြောင့် ဒီနေရာမှာဆိပ်ကမ်းတစ်ခု အမှန်တကယ်တည်ဆောက်လို့ရနိုင်/မရနိုင်၊ တည်ဆောက်လို့ဖြစ်/မဖြစ်ဆိုတဲ့ဟာကို ဝန်ကြီးဖြေသွားတဲ့အဖြေတွေနဲ့ဆက်စပ်ပြီးတော့ မေးချင်တာက ဒီအခက်အခဲတွေက ဘယ်လိုအခက်အခဲတွေလဲဆိုတာကို ပြည်သူတွေလည်းသိအောင် ကျွန်တော်တို့ချပြဖို့လိုတယ်။ အဲဒါကြောင့် ဒီစူးစမ်းလေ့လာမှုတွေ လုပ်ဖို့လိုတယ်။ ဒီစူးစမ်းလေ့လာမှုတွေမလုပ်ဘဲနဲ့ ဒီမှာ ရမ်းပြီးတော့ ပြောတဲ့သဘောမျိုးပြောရင်တော့ သိပ်သဘာဝမကျလှဘူး။ အဲဒါကြောင့် စူးစမ်းလေ့လာမှုတွေ တကယ်လုပ်ပေးမလား။ လုပ်ပေးပြီးတော့ မဖြစ်နိုင်ဘူးဆိုရင်လည်း ကျွန်တော်တို့ပြည်သူတွေက မဖြစ်နိုင်တဲ့နေရာလို့ သိသွားမှာပါ။ ဖြစ်နိုင်တယ်ဆိုလို့ရှိရင်လည်း မျှော်လင့်ချက်တွေထားဖို့ ရှိပါတယ်။ အဲဒါကြောင့် ဒီဟာကိုစူးစမ်းလေ့လာမှုတွေ ဘယ်လိုလုပ်ပေးမလဲ၊ ဘယ်တော့လုပ်ပေးမလဲဆိုတာလေးလည်း တစ်ချက်ဆက်စပ်ပြီးတော့ မေးပါရစေ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ ဝန်ကြီးဌာနက လာရောက်ဖြေကြားတာက တာဝန်အရ လာရောက်ဖြေကြားခြင်းဖြစ်ပါတယ်။ ရမ်းပြီးပြောတယ်ဆိုတဲ့ စကားရပ်ကိုတော့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ မသုံးသင့်ကြောင်း သတိပေးလိုပါတယ်။ ဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်ဝန်ကြီးဌာနရဲ့ဖြေကြားချက်မှာလည်း ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့ အမှတ်(၃)ဆိပ်ခံတံတားတည်နေရာရှိတဲ့ သန်ပန်ချောင်းရပ်ကွက်ဒေသဟာဆိုရင် ကျွန်တော်တို့ဆိပ်ကမ်းတစ်ခုတည်ဆောက်ဖို့အတွက် အားနည်းချက်တွေရှိကြောင်းကိုလည်း ကျွန်တော် ဖြေကြားချက်မှာတင်ပြသွားပြီးဖြစ်ပါတယ်။ အဲဒီအစား ကျွန်တော်တို့အနေနဲ့ အမှတ်(၂)ဆိပ်ခံတံတားရှိတဲ့နေရာဆိုရင် ပိုပြီးတော့အားသာချက်တွေရှိတဲ့အတွက် အဲဒီမှာလည်း ဆိပ်ခံတံတားတစ်ခုတည်ဆောက်ဖို့အတွက် ဆောင်ရွက်ထားမှုအခြေအနေကိုလည်း ကျွန်တော် တင်ပြ

ထားပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ကတော့ အမှတ်(၃)ဆိပ်ခံတံတား သန့်ပန့်ချောင်း ရပ်ကွက်မှာ စူးစမ်းလေ့လာမှုပြုလုပ်ဖို့ဆိုတာကတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နဲ့ ကျွန်တော်နဲ့ ဒေသခံအာဏာပိုင်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့မှ ဆက်လက်ဆောင်ရွက် နိုင်မှာဖြစ်ပါကြောင်း ကျွန်တော် တင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။

**ရေနံအလုပ်သမားများ ဥပဒေနှင့်အညီ ရပိုင်ခွင့်များ၊ အခွင့်အရေးများ ခံစားခွင့်ရရှိနိုင်ရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံမြေအသီးသီးမှာ တာဝန် ထမ်းဆောင်နေကြတဲ့ ရေနံအလုပ်သမားများအတွက် ဥပဒေနှင့်အညီ ခံစားခွင့်ရှိတဲ့ ရပိုင်ခွင့် အခွင့်အရေးတွေကို ဥပဒေနှင့်အညီ ခံစားခွင့်ရဖို့အတွက် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မင်းဘူး(စကု)မြို့နယ်မှာဆိုလို့ရှိရင် မန်းရေနံမြေနှင့် ထောက်ရှာပင်ရေနံမြေဆိုပြီးတော့ ရေနံမြေ နှစ်ခုရှိပါတယ်။ အဲဒီရေနံမြေတွေထဲမှာ အလုပ်လုပ်နေကြတဲ့ ရေနံမြေအလုပ်သမားတွေနဲ့ ကျွန်တော် တွေ့ဆုံတဲ့အခါမှာ ဥပဒေနှင့်အညီ ရခွင့်ရှိတဲ့အခွင့်အရေးတွေ အပြည့်အဝမရသေးကြောင်း ကြားသိရပါတယ်။ ရေနံမြေအသီးသီးမှာ တာဝန်ထမ်းဆောင်နေတဲ့အလုပ်သမားတွေဟာ တစ်နေ့ အလုပ်ချိန် ရှစ်နာရီထက်ပိုမိုပြီးတော့ တာဝန်ထမ်းဆောင်နေရတာတွေ၊ အချိန်ပိုတွေ ဆောင်ရွက်နေရ သော်လည်းပဲ အချိန်ပိုကြေးမရတာတွေ၊ တရားဝင်ရုံးပိတ်ရက်တွေကို ဝန်ထမ်းတိုင်း ခံစားခွင့်ရှိသော် လည်းပဲ ရေနံမြေ အလုပ်သမားတွေမှာ ရုံးပိတ်ရက်တွေကို ခံစားခွင့်မရတာတွေ၊ ရေနံမြေအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ရေနံမြေဝန်ထမ်းတွေမှာ ဖွဲ့စည်းပုံအပြည့်အဝမရှိတဲ့အတွက် အခက်အခဲ တွေကြုံတွေ့နေရတဲ့အပြင် ယာယီဝန်ထမ်းတွေကို အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်တဲ့အခါမှာလည်း ပွင့်လင်းမြင်သာမှုမရှိတဲ့အတွက် အခက်အခဲတွေ၊ အဆင်မပြေမှုတွေ ကြုံတွေ့နေရကြောင်း ကြားသိရ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန်းရေနံမြေနှင့် ထောက်ရှာပင်ရေနံမြေမှာ ရေနံမြေအလုပ်သမားတွေဟာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစပြီးတော့ OT ကြေးတွေကို ရပ်ဆိုင်းခြင်း၊ ဖြတ်တောက်ခြင်းခံခဲ့ရပါတယ်။ အဲဒီလိုပဲ ပြက္ခဒိန်ပါရုံးပိတ်ရက်တွေကိုလည်း ခံစားခွင့်မရကြပါဘူး။ ဒီအပြင် ရေနံမြေအသီးသီးမှ တာဝန်ထမ်းဆောင်နေကြတဲ့ ရေနံအလုပ်သမားတွေဟာ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၁ အရ ရပိုင်ခွင့်ရှိ တဲ့ အခွင့်အရေးတွေ၊ ၂၀၁၄ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအရ ခံစားခွင့်ရှိတဲ့အခွင့်အရေးတွေ၊ ၂၀၁၆ ခုနှစ်၊ စက်ရုံအလုပ်ရုံဥပဒေပါ ခံစားခွင့်တွေ၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို ၂၀၁၄ ခုနှစ်မှာ ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ဥပဒေအရ ခံစားခွင့်တွေ၊ အဲဒီလိုပဲ ရေနံမြေ အလုပ်သမားတွေအတွက် ပြဋ္ဌာန်းထားတဲ့ သက်သာချောင်ချိရေးဥပဒေတွေ စတဲ့အတည်ဖြစ်နေတဲ့

ဥပဒေပါ ရပိုင်ခွင့်အခွင့်အရေးတွေကို ပြည့်ဝစွာ မခံစားရသေးကြောင်း ကြားသိရပါတယ်။ ပြီးခဲ့တဲ့ မေလ ၁ ရက်နေ့မှာကျရောက်တဲ့ (၁၂၈)ကြိမ်မြောက် Mayday နေ့အခမ်းအနားကို မန်းရေနံမြေ အလုပ်သမားထုရဲ့ရင်ဖွင့်သံတွေကို ကျွန်တော်ကိုယ်တိုင်တက်ရောက်ပြီးတော့ နားထောင်ခွင့်ရခဲ့ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ မေလ ၁ ရက်နေ့မှာ ကျရောက်တဲ့ (၁၂၈)ကြိမ်မြောက် Mayday နေ့ အခမ်းအနားကို မင်းဘူးမြို့မှာရှိတဲ့ မန်းရေနံမြေလုပ်သားအပန်းဖြေရိပ်သာမှာ တစ်နိုင်ငံလုံးမှာ ရှိတဲ့ ရေနံမြေအလုပ်သမားထုတွေ စုပေါင်းပြီးတော့ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။ ဒီအခမ်းအနားမှာ ရေနံမြေအသီးသီးမှ တက်ရောက်လာကြတဲ့ ရေနံလုပ်သားထုကိုယ်စားလှယ်တွေက သဝဏ်လွှာအသီးသီး ပေးပို့ဖတ်ကြားတာကိုလည်း ကျွန်တော်ကိုယ်တိုင်နားဆင်ခဲ့ရပါတယ်။ ၎င်းနောက် သဝဏ်လွှာတွေနှင့်ပတ်သက်ပြီးတော့ အချို့ကို Power Point နဲ့တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ မင်းဘူးမန်းရေနံမြေမှာ ရေနံတူးဖော်နေတဲ့ကုမ္ပဏီပဲ ဖြစ်ပါတယ်။ ဒါကတော့ (၁၂၈)ကြိမ်မြောက် Mayday နေ့အခမ်းအနားကို မန်းရေနံမြေလုပ်သား အပန်းဖြေရိပ်သာမှာ စည်ကားသိုက်မြိုက်စွာကျင်းပခြင်းပဲ ဖြစ်ပါတယ်။ ဒါကတော့ ချောက်လမ်း ရွာရေနံမြေမှာ ဦးလှကြီး အခြေခံအလုပ်သမားအဖွဲ့အစည်းကနေပြီးတော့ ပေးပို့လာတဲ့ သဝဏ်လွှာပဲ ဖြစ်ပါတယ်။ ဒီမှာ ဘာဖော်ပြထားသလဲဆိုတော့ အလုပ်သမားတွေအတွက် အဓိကလိုအပ်ချက်(၃)ချက် ရှိပါတယ်။ (၁) ခေတ်နှင့်လျော်ညီတဲ့ လုပ်ခလစာရရှိရေး၊ (၂) လုပ်ငန်းခွင်အေးချမ်းသာယာပြီးတော့ ဘေးအန္တရာယ်ကင်းရှင်းရေး၊ (၃)အလုပ်သမားတို့အတွက် အနာဂတ်ဘဝအာမခံချက်ရရှိရေးဆိုပြီး တော့ ချောက်လမ်းရွာရေနံမြေက ဦးလှကြီး အခြေခံအလုပ်သမားအဖွဲ့အစည်းတွေက ဖော်ပြထားတာ တွေ့ရသလို ပြည်ရေနံမြေမှ ရွှေပြည်ဟသ်ာအခြေခံအလုပ်သမားအဖွဲ့အစည်းကနေပြီးတော့ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးဦးသုံးဖလှယ်တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပြုလုပ်မယ် ဆိုလို့ရှိရင် အလုပ်သမားတွေရဲ့ဘဝ ပိုမိုတိုးတက်လာမယ့်အနာဂတ်တိုင်းပြည်ကို ထူထောင်လာနိုင် မလားဆိုပြီးတော့ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းဖော်ပြထားတာတွေ့ရပါတယ်။ ဒါကတော့ မြန်အောင် ရေနံမြေက ရွှေဇရာလွန်ဆေးအခြေခံအလုပ်သမားအဖွဲ့ကနေပြီးတော့ ပေးပို့လာတဲ့သဝဏ်လွှာပဲ ဖြစ်ပါတယ်။ ဒီမှာ ဘာဖော်ပြသလဲဆိုတော့ ပြောင်းလဲချိန်တန်ပြီလို့ ကြွေးကြော်တက်လာတဲ့ ပြည်သူ့ အစိုးရနဲ့အတူ မပြောင်းလဲချင်သေးတဲ့ ပြောင်းလဲချင်စိတ်မရှိသေးတဲ့ လူတစ်စုဟာ ဝန်ကြီးဌာနပေါင်းစုံ မှာ ကျန်ရှိနေသေးပြီး တိုင်းပြည်တိုးတက်မှုအရွေ့မှာပူးပေါင်းပါဝင်မှုမရှိဘဲ အလုပ်သမားထုအရေးကို မျက်ကွယ်ပြု ကန့်လန့်တိုက်နေတဲ့သူအချို့ရှိနေသေးပါတယ်။ ပြည်သူလူထု ကတင်မြောက်ထားတဲ့ အစိုးရအနေနဲ့ ပြည်သူနဲ့အတူရှိမနေတဲ့လူတွေကို အချိန်မီဖယ်ရှားပေးစေလိုပါတယ်ဆိုပြီးတော့ ပွင့်ပွင့်လင်းလင်း တင်ပြတောင်းဆိုထားတာတွေ့ခဲ့ရပါတယ်။ ဒါကတော့ ယတောင်ရေနံမြေက သဝဏ်လွှာပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ရေနံမြေအသီးသီးမှတာဝန် ထမ်းဆောင်နေတဲ့ ရေနံမြေအလုပ်သမားတွေအတွက် ဥပဒေနှင့်အညီ ခံစားခွင့်ရှိတဲ့အခွင့်အရေးတွေ ကိုရဖို့အတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားကြောင်း လေးစားစွာဖြင့် မေးမြန်း အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း မေးမြန်းထားတဲ့ ရေနံမြေအသီးသီး မှာ တာဝန်ထမ်းဆောင်နေတဲ့ ရေနံအလုပ်သမားများအတွက် ဥပဒေနှင့်အညီ ခံစားခွင့်ရှိတဲ့ ရပိုင် ခွင့်တွေ၊ အခွင့်အရေးတွေ၊ ခံစားခွင့်တွေရရှိနိုင်ဖို့အတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း သိရှိလိုခြင်းနှင့်ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်မှာရှိ တဲ့ ရေနံမြေအသီးသီးမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂ အရ နိုင်ငံတော်ရသုံးမှန်းခြေငွေစာရင်းမှ ကျခံထုတ်ပေးသည့်လစာနှင့် စရိတ်များကို ခံစားနေသူများဖြစ်ပါ သဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါတာဝန်နှင့် ရပိုင်ခွင့်များကို အခြားနိုင်ငံ့ ဝန်ထမ်းများနည်းတူ ခံစားခွင့်ရရှိသူများလည်း ဖြစ်ပါတယ်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေနှင့် ထောက်ရှာပင်ရေနံမြေဒေသများမှ ဝန်ထမ်းများအား အရာထမ်း၊ အမှုထမ်းနှင့် အလှည့်ဆင်းဝန်ထမ်းဆိုပြီး ခွဲခြားပြီးတော့ အလှည့်ဆင်း ဝန်ထမ်းတွေကတော့ဖြင့် အလုပ်ချိန် ၈ နာရီ အဆိုင်း ၄ ဆိုင်းခွဲပြီးတော့ တာဝန်ထမ်းဆောင်လျက်ရှိပါ တယ်။ နေ့စဉ်အလုပ်ချိန် ၈ နာရီထက် ပိုမိုထမ်းဆောင်ရခြင်းမျိုးမရှိအောင် ဆောင်ရွက်သော်ငြားလည်း ပဲ တစ်ခါတစ်ရံတော့ အရေးပေါ်လုပ်ငန်းတွေဖြစ်ပေါ်လာလျှင် အချိန်ပိုလုပ်ကိုင်ရတာမျိုးလည်း ရှိပါ တယ်။ ဒီအခြေအနေကိုလည်း ဝန်ထမ်းများအားလုံးက စတင်ခန့်ထားစဉ်ကပင် ရှင်းလင်းပြောကြား ထားပြီးဖြစ်သဖြင့် ဝန်ထမ်းများအားလုံး နားလည်သဘောပေါက်ပြီးဖြစ်တဲ့ကိစ္စလည်းဖြစ်ပါတယ်။ ရေနံမြေဝန်ထမ်းများရဲ့ အလုပ်ချိန်နှင့်ပတ်သက်ပြီးတော့ ၂၁-၂-၁၉၆၇ ခုနှစ်ကစပြီးတော့ မြန်မာ့ရေနံ ကော်ပိုရေးရှင်းအစီအစဉ်နဲ့ဆောင်ရွက်ခဲ့ပြီးတော့ ယခင်ဝန်ကြီးဌာနဖြစ်တဲ့ အမှတ်(၂)စက်မှုဝန်ကြီး ဌာနရဲ့ ၁၁-၁၀-၁၉၈၂ ရက်စွဲပါ ညွှန်ကြားချက်ဖြင့် အောက်ပါအတိုင်း ရက်စားနားခွင့်၊ ခံစားခွင့်ပြုပါ တယ်။ အရာထမ်းများဆိုလျှင် အလုပ်ဆင်းရက် ၂၈ ရက်ဆိုလျှင် ရက်စားနားခွင့် ၁၁ ရက်ရရှိပြီးတော့ အမှုထမ်းများအနေနဲ့ အလုပ်ဆင်းရက် ၄၂ ရက်လျှင် ရက်စားနားခွင့် ၁၂ ရက်၊ အလှည့်ဆင်းဝန်ထမ်း များ အလုပ်ဆင်းရက် ၂၄ ရက်လျှင် ရက်စားနားခွင့် ၈ ရက် စသည်ဖြင့် သတ်မှတ်ထားပါတယ်။

အများပြည်သူရုံးပိတ်ရက်(Public Holiday)တွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ အကျိုးခံစားခွင့်၊ အချိန်ပိုခံစားခွင့်များနှင့်ပတ်သက်ပြီးတော့ ယခင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ ၂၁-၁၁-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ဘ-၂(၁)/၃၅(၁၃၇/၂၀၁၂)ဖြင့် အစိုးရဝန်ထမ်းများ၏လစာကို ထိုက်တန်စွာချီးမြှင့်ပြီးဖြစ်၍ အလုပ်ချိန်အတွင်း လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ကြရန်ဖြစ်သည်။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၁၅/၉၃ ၏ အပိုဒ် ၁(ဂ) အရ အချိန်ပို လုပ်ခခံစားခွင့်အား ပယ်ဖျက်လိုက်ကြောင်းနှင့် ဖွဲ့စည်းပုံအရ ခွင့်ပြုရာထူးများ၌ တာဝန်ထမ်းဆောင် နေကြရသည့်အစိုးရဝန်ထမ်းများသည် ပြန်တမ်းဝင်ရုံးပိတ်ရက်၊ နေ့ထူးနေ့မြတ်ရက်၊ အများပြည်သူ

ရုံးပိတ်ရက်များတွင် တာဝန်ထမ်းဆောင်ခြင်းများအတွက် အကျိုးခံစားခွင့်များကို သီးခြားညွှန်ကြား ထားခြင်းမရှိပါကြောင်း ပြန်ကြားလာပါတယ်။ အကယ်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကနေ ပြီးတော့ အများပြည်သူရုံးပိတ်ရက်၊ အချိန်ပိုခံစားခွင့်နှင့်ပတ်သက်ပြီးတော့ ထပ်မံညွှန်ကြားလာမယ် ဆိုရင်တော့ ဝန်ကြီးဌာနအနေနဲ့ လိုက်နာဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ဝန်ထမ်းသစ်များ ရွေးချယ်ခန့်ထားရာမှာ ဖွဲ့စည်းပုံရဲ့ရာထူးလစ်လပ်မှု အပေါ်မူတည်ပြီးတော့ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် မှတ်ပုံတင်ထားသူများ အနက်ကနေပြီးတော့ သတ်မှတ်ထားတဲ့အရည်အချင်းနှင့် ပြည့်စုံသူများကို ယှဉ်ပြိုင်ရွေးချယ်တဲ့ စနစ်ဖြင့် ရွေးချယ်ခန့်ထားပေးလျက်ရှိပါတယ်။ ရေနံမြေများတွင် ရေနံမြေဝန်ထမ်းသစ်များ ခန့်ထား ရေးအဖွဲ့များ ဖွဲ့စည်းပြီးတော့ သတင်းစာမှ ကြိုတင်ကြော်ငြာခေါ်ယူ၍လည်းကောင်း၊ ရုံးချုပ်နှင့် သက်ဆိုင်ရာရေနံမြေရှိ ကြော်ငြာသင်ပုန်းများတွင် ကြော်ငြာခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ထို့နောက် သက်ဆိုင်ရာရေနံမြေအထွေထွေမန်နေဂျာများရဲ့ကြီးကြပ်မှုနဲ့ ရေးဖြေ စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း၊ ကျွမ်းကျင်မှုစစ်ဆေးခြင်းမှရရှိသော အမှတ်များအပေါ်မူတည်ပြီး တော့ အမှတ်စဉ်အရ လစ်လပ်ရာထူးများတွင် ယာယီနေ့စားဝန်ထမ်းများနှင့် ပြင်ပမှအရည်အချင်း ပြည့်မီသူများအား နည်းဥပဒေများနှင့်အညီ ရွေးချယ်ခန့်ထားပေးလျက်ရှိပါတယ်။ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံနှင့် လျော်ညီစွာ ဖြည့်တင်းထားရှိနိုင်ရန်အတွက် တင်ပြဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းသစ် ၅၅၀ ဦးခန့်ထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းနှင့်ပတ်သက်ပြီးတော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ရေနံမြေအသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများအတွက် ရပိုင်ခွင့်များ၊ အခွင့်အရေးများကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ယခင်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရဲ့ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်းနှင့် ဝန်ထမ်းသစ်ခန့်ထားရေးကိစ္စတွင်လည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၏လုပ်ထုံးလုပ်နည်း များနှင့်အညီ ခန့်ထားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးမြန်းချက်ပါအတိုင်း ရေနံမြေ အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများရဲ့ ရပိုင်ခွင့်အခွင့်အရေးများ၊ ခံစားခွင့် များနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းရဲ့ ဆောင်ရွက်နေသည့်အခြေအနေကို ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဝန်ကြီးဖြေသွားတဲ့ထဲမှာလည်းပါပြီးဖြစ်ပါတယ်။ ရေနံမြေအလုပ်သမားတွေဟာ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ခံစားခွင့်ရှိတဲ့အခွင့်အရေးတွေ ဥပဒေနှင့် အညီခံစားခွင့်ရဖို့အတွက် ဆောင်ရွက်ပေးထားတယ်လို့ ဖြေကြားသွားတာတွေ့ရပါတယ်။ သို့သော်လည်းပဲ အောက်ခြေမှာ ကျွန်တော်တွေ့တဲ့အခါမှာ လွှတ်တော်နားတုန်းကတွေ့တဲ့အခါမှာ ဌာန

ဆိုင်ရာအကြီးအကဲတွေနဲ့မတွေ့ဘဲနဲ့ အောက်ခြေဝန်ထမ်းတွေနဲ့ပဲသီးခြားတွေ့ခဲ့တာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ အောက်ခြေဝန်ထမ်းတွေရဲ့လက်တွေ့ဖြစ်နေတဲ့အဖြစ်အပျက်တွေကို သေသေချာချာ မှန်မှန် ကန်ကန်သိရအောင်လို့ဆိုပြီးတော့ အလုပ်သမားအဖွဲ့အစည်း၊ သမဂ္ဂအဖွဲ့အစည်းတွေနဲ့တွေ့လိုက်တဲ့ အခါမှာ သူတို့မှာတော့ မန်းရေနံမြေရော၊ ထောက်ရှာပင်ရေနံမြေမှာရှိတဲ့အလုပ်သမားတွေရော။ ပထမ ဆုံးတော့ အလုပ်ချိန် ၈ နာရီသတ်မှတ်ပေးသော်လည်းပဲ ၂၀၁၆-၂၀၁၇ နောက်ပိုင်းမှာ အလုပ်ချိန်က ၁၂ နာရီထိအောင် ပြန်ဆင်းနေရပါတယ်။ လိုအပ်ချက်အရဆင်းခိုင်းတာလားဆိုတော့ အမြဲတမ်းလိုလို ကိုပဲဆင်းနေရတာဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့က သေချာပြန်လည်စစ်ဆေးပေးစေလိုပါ တယ်။ နောက်တစ်ခုက ခွင့်ရက်တွေ၊ ပြက္ခဒိန်ပါရုံးပိတ်ရက်တွေ ခံစားခွင့်ရှိတယ်လို့လည်း ပြန်လည် ဖြေကြား ထားတာတွေ့ရပါတယ်။ သို့သော်အခုလက်တွေ့မှာတော့ ကျွန်တော်တို့ရေနံမြေအလုပ်သမား တွေအားလုံး May Day နေ့အခမ်းအနားမှာလည်း တစ်နိုင်ငံလုံးမှာရှိတဲ့ရေနံမြေအလုပ်သမားထုက ပွင့်ပွင့်လင်းလင်းတင်ပြသွားပါတယ်။ သူတို့ရဲ့ အခွင့်အရေးတွေဆုံးရှုံးနေတယ်ဆိုတဲ့အကြောင်း၊ ကြားထဲမှာ အထက်အရာရှိအချို့ကနေပြီးတော့ အထက်ကိုပွင့်ပွင့်လင်းလင်းမတင်ပြလို့မို့လို့ အောက်ခြေဝန်ထမ်းတွေမှာ နစ်နာဆုံးရှုံးနေတယ်ဆိုတဲ့အကြောင်း ပွင့်ပွင့်လင်းလင်းတင်ပြထားတဲ့ သဝဏ်လွှာတွေလည်းရှိပါတယ်။ တင်ပြသွားတဲ့သဝဏ်လွှာ အနည်းအကျဉ်းသာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့က အမှန်တကယ်ခံစားခွင့်ရှိဖို့၊ သင်္ကြန်ရုံးပိတ်ရက်တောင်မှပဲမခံစားရဘူး။ ဒီရုံးပိတ်ရက်တွေမခံစားရလို့ ရက်စားအနေနဲ့ခံစားခွင့်ပေးမယ်လို့ပြောသော်လည်းပဲ တကယ်တမ်း ရက်အစားက အောက်ခြေဝန်ထမ်းတွေမှာ မခံစားရပါဘူး။ ဒါတွေကို ကျွန်တော်တို့က အမှန်တကယ် ရေနံမြေအလုပ်သမားထု ရသင့်ရထိုက်တဲ့အခွင့်အရေးတွေအမှန်တကယ်ရဖို့ အောက်ခြေထိအောင် ပြန်လည်ကွင်းဆင်းပြီးတော့ စစ်ဆေးဆောင်ရွက်ပေးဖို့အစီအစဉ်ရှိ/မရှိ လေးစားစွာဖြင့် မေးမြန်းအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ထပ်ဆင့်မေးတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်လည်း ခုနကတင်ပြတဲ့ထဲမှာ ပါပါတယ်။ ရေနံမြေလုပ်ငန်းဆိုတာ သဘောသဘာဝအရ ပိတ်ရက်မရှိပါဘူး။ တစ်နှစ်ကို ၃၆၅ ရက်။ နေ့တိုင်း ၂၄ နာရီ ဆောင်ရွက်ရတဲ့လုပ်ငန်းမျိုး သဘောသဘာဝရှိပါတယ်။ ဒါကြောင့်မို့လဲ ခုနက ကျွန်တော်တင်ပြ တဲ့အတိုင်းပဲ အလှည့်ဆင်းစနစ်တွေ၊ ရက်စားနားခွင့်စနစ်တွေကို ဥပဒေနှင့်အညီ၊ လုပ်ထုံးလုပ်နည်းနဲ့ အညီ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ထုတ်ပြန်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ခုနပြောတဲ့ထဲမှာ ၁၂ နာရီဆိုတဲ့ကိစ္စကပါပါတယ်။ ဒါကလည်း ဒီမေးခွန်းနဲ့ ပြန်စဉ်းစားရင် ရှုပ်ထွေးမှုဖြစ်မှာစိုးလို့ပါ။ ကျွန်တော်ကတော့ အခု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန နိုင်ငံတော်ရဲ့စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်းကိုသာရှင်းပြခြင်းဖြစ်ပါတယ်။ မြန်မာပြည် မှာ ပုဂ္ဂလိကရေနံလုပ်ငန်းလုပ်တဲ့ကုမ္ပဏီတွေလည်း အများကြီးရှိပါတယ်။ ရေနံကုမ္ပဏီတော်တော် များများကတော့ သူတို့ဝန်ထမ်းခန့်တဲ့နေရာမှာ အလုပ်ချိန် ၁၀ နာရီ၊ ၁၂ နာရီ စသည်ဖြင့် သူတို့ရဲ့ သဘောတူညီချက်၊ နှစ်ဦးသဘောတူညီချက်တွေနဲ့ ဆောင်ရွက်တယ်ဆိုတာလည်း ရှိပါတယ်။

ဒါကြောင့်မို့လို့ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း နှစ်ဦးနှစ်ဖက်ထိုက်ထိုက်တန်တန် ကျေကျေနပ်နပ် သဘောတူညီပြီးဆောင်ရွက်ကြခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့တော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နိုင်ငံ့အဖွဲ့အစည်းတစ်ခုအနေနဲ့ကတော့ လုပ်ထုံးလုပ်နည်းနဲ့အညီပဲ ဆောင်ရွက်ရပါတယ်။ ရေနံအလုပ်လုပ်တဲ့ဝန်ထမ်းအားလုံးလည်း မိမိဘယ်လိုအလုပ်မျိုးကို လာလုပ်တယ်ဆိုတာ အစတည်းက သူတို့သိပြီးသားဖြစ်ပါတယ်။ ဒီလိုအတွက်လည်း ကျွန်တော်တင်ပြသလိုပါပဲ။ သက်ဆိုင်ရာ ရက်အစားနားခွင့်တွေလည်း ဥပဒေဘောင်ထဲက ပေးပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ခုနတင်ပြတဲ့ထဲမှာလည်းပါပါတယ်။ ဒီပေါ်မှာ အများပြည်သူအလုပ်ပိတ်ရက်တွေ၊ အချိန်ပိုလုပ်တဲ့ကိစ္စတွေ၊ ဒါတွေနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်ရဲ့မူဝါဒအရ ပြောင်းလဲသတ်မှတ်မယ်ဆိုရင်လည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့တော့ လိုက်နာဆောင်ရွက်ဖို့အသင့်ရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကန်ပေါက်ဒေသတွင် ဆောင်ရွက်မည့်စီမံကိန်းကို Total Gas & Power Business Service (S.A.S) နှင့် SIEMENS A.G နှင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်မည့်စီမံကိန်းကို Zhefu Holding Co.Ltd နှင့် Supreme Trading Co.Ltd နှင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်ရွက်မည့်စီမံကိန်းကို TTCL Public Company Limited နှင့်လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူတွင် ဆောင်ရွက်မည့်စီမံကိန်းကို Sinohydro Coporation Limited နှင့် Supreme Trading Co.Ltd နှင့်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြောင်း လေ့လာသိရှိရပါသဖြင့် ၎င်းကုမ္ပဏီများနှင့် စာချုပ်လက်မှတ်ရေးထိုးနိုင်သည့်အဆင့်သို့ရောက်ရှိအောင် တင်ဒါစတင်ခေါ်ယူသည့်မှစတင်၍ မည်သို့သောအဆင့်များကို ပွင့်လင်းမြင်သာစွာနှင့် ဆောင်ရွက်ခဲ့သည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးများ၊ ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်ဖြစ်ပြီး Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ ၃၁-၁-၂၀၁၈ ရက်နေ့ကထုတ်ပြန်တဲ့ သတင်းစာမှာ LNG ဓာတ်အားပေးစက်ရုံများ တည်ဆောက်အကောင်အထည်ဖော်ရန်အတွက် စီမံကိန်းဆောင်ရွက်မယ့်ကုမ္ပဏီတွေကို Notice to Proceed ထုတ်ပေးတဲ့ပွဲကျင်းပကြောင်း သိရှိရပါတယ်။ ကန်ပေါက်ဒေသ၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်ဖြူတို့မှာ ဆောင်ရွက်မယ့်စီမံကိန်းကြီးလေးခု တန်ဖိုးအားဖြင့် ၅ ဘီလီယံဒေါ်လာကျော်ရှိကြောင်းတွေ့ရပြီး မြန်မာနိုင်ငံမှာ အကြီးမားဆုံးစီမံကိန်းကြီးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးက လုပ်ငန်းတစ်ရပ်လုပ်မယ်ဆိုလို့ရှိရင် တင်ဒါခေါ်ယူဖို့အတွက် ညွှန်ကြားချက်(၁/၂၀၁၇)ကို ထုတ်ပြန်ခဲ့ပေမဲ့ တင်ဒါခေါ်ယူခြင်းမရှိဘူးလို့ ကျွန်တော်ကတော့ သုံးသပ်ရပါတယ်။ ဝန်ကြီးဌာနတိုင်းမှာ ပေါ်လစီရှိပြီးတော့မှ ပေါ်လစီရဲ့အောက်မှာ Vision, Mission နဲ့ သွားကြရပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ပြီးခဲ့တဲ့ ဦးသိန်းစိန်အစိုးရလက်ထက်တုန်းက JICA နဲ့ ADB တို့ရဲ့ နည်းပညာအကူအညီနဲ့ National Energy Master Plan ဆိုတာ ရေးခဲ့ပါတယ်။ ဟောဒီစာအုပ်ကြီးပဲ။ နှစ်အုပ်ရှိတယ်။ အဲဒီတော့

ဒီစာအုပ်ကြီးနှစ်အုပ်ထဲမှာပါတဲ့ဟာတွေဟာ လက်ရှိရှိပြီးသား Facilities တွေနဲ့၊ ကျန်တာတွေနဲ့ ပေါင်းစပ်ပြီးတော့မှ အချိုးညီညီပေါင်းဖို့ ကျွန်တော်တို့ဆောင်ရွက်ထားတာဖြစ်ပါတယ်။ Power Point မှာလည်း လေ့လာနိုင်ပါတယ်။ နိုင်ငံအချို့ရဲ့ Energy Mix Plan ကိုလည်း လေ့လာကြည့်ပါ။ အရင်းအမြစ်တစ်ခုတည်းအပေါ်မှာ မှီခိုတယ်ဆိုတာ ရှားပါတယ်။ မရှိပါဘူး။ Energy Policy မှာ အဓိကသုံးချက်ပါပါတယ်။ Physical Security, Price Security နဲ့ Geo Political ဖြစ်ပါတယ်။ လျှပ်စစ်ကဏ္ဍအနေနဲ့ ရည်မှန်းချက်ငါးချက်ရှိပြီးတော့မှ Price, Quality, Security,(EIA,SIA) လျှော့ချနိုင်ဖို့နဲ့ Access ဆွဲတင်နိုင်မှုဆိုတဲ့အချက်တွေဖြစ်ပါတယ်။ ယခုအခါမှာ ဝန်ကြီးဌာနက ဆောင်ရွက်တာကတော့ မဂ္ဂါဝပ် ၃၀၀၀ လုံးကို LNG တစ်ခုတည်းအပေါ်မှာ မှီခိုတာဟာ မမျှော်မှန်းနိုင်တဲ့ ပြဿနာတစ်ခုကြုံတွေ့လာလို့ရှိရင် နိုင်ငံအတွက် ကြီးမားတဲ့အခက်အခဲတစ်ခု ကျွန်တော်တို့ မလွဲမသွေကြုံရမှာဖြစ်ပါတယ်။

လျှပ်စစ်ထုတ်တဲ့နေရာမှာ ရေအားနဲ့ကျောက်မီးသွေးက ဈေးအချိုဆုံးပါပဲ။ ကျွန်တော်တို့ရဲ့ ထုတ်လုပ်မှုက လက်ရှိရေအားက ၆၀ ရာခိုင်နှုန်း၊ ဓာတ်ငွေ့က ၄၀ ရာခိုင်နှုန်းဖြစ်တယ်။ ပျမ်းမျှတစ်ယူနစ်ကို ၁၀၀ ကျပ်ကျော်နေတယ်။ ဖြန့်ဖြူးရေးစရိတ် ၁၅ ရာခိုင်နှုန်းထည့်ပေါင်းလို့ရှိရင် အရင်းက ၁၁၅ ကျပ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လျှပ်စစ်က ကျွန်တော်တို့ အရှုံးခံရပြီး တော့မှ ဘီလီယံ ၅၀၀ နှစ်တိုင်းရှုံးနေပါတယ်။ LNG ကိုသာ မဂ္ဂါဝပ် ၃၀၀၀ အပေါ်မှာ မှီခိုလိုက်မယ်ဆိုလို့ရှိရင် ထုတ်လုပ်မှု အချိုးအစားမှာ ရေအားက ၂၀ ရာခိုင်နှုန်းနဲ့ ဓာတ်ငွေ့က ၈၀ ရာခိုင်နှုန်းဖြစ်သွားမယ်။ အဲဒီအချိန်ကျရင် ပြည်သူကိုရောင်းချတဲ့တစ်ယူနစ်ဈေးနှုန်းဟာ အနည်းဆုံး ၁၅၀ မှ မရောင်းရင် ကျွန်တော်တို့ ရောင်းလို့မရဘူး။ ဒါတောင်မှ တော်တော်ရှုံးအုံးမယ်ဆိုတာကို ကျွန်တော်တို့ တွက်ဆလို့ရပါတယ်။ နောက်တစ်ခုကတော့ Independent Power Project(IPP)ကနေပြီးတော့မှ အစိုးရက Power Purchase Agreement လုပ်မယ်ဆိုလို့ရှိရင် ဘယ်လိုဈေးနဲ့ဝယ်မလဲ။ ဘယ်လောက်ဝယ်ယူမလဲ။ ဘယ်အချိန်မှာဝယ်မလဲ။ ဒါတွေကို ကျွန်တော်တို့ အတိအကျဆောင်ရွက်ဖို့လိုပါတယ်။ လက်ရှိမှာ လျှပ်စစ်ကရှုံးနေတယ်။ သူတို့ဆီကဝယ်ဖြန့်ရင် ပိုပြီးတော့မှရှုံးမယ်။ ရင်းနှီးတာနဲ့တန်အောင် အဲဒီကုမ္ပဏီတွေကလည်း LNG ဈေးတက်လာလို့ရှိရင် ပိုပြီးတောင်းတယ်။ အဲဒီအချိန်ကျရင် ဘယ်လိုဖြေရှင်းမလဲဆိုတာ ဒါတွေကို ကျွန်တော်မေးချင်ပါတယ်။ ပြီးတော့ PPA မှာ ကျွန်တော်တို့က ငွေချေတဲ့အခါမှာ မြန်မာကျပ်ငွေနဲ့ချေလို့မရတဲ့ဟာတွေ အများကြီးရှိမယ်။ နိုင်ငံခြားငွေနဲ့ချေရတဲ့အခါမှာ ကျွန်တော်အကြမ်းဖျင်းတွက်ကြည့်ပါတယ်။ ပညာရှင်မဟုတ်ဘူး။ ဒါပေမဲ့ နှစ်စဉ် 2.23 billions Dollar ကျွန်တော်တို့နှစ်တိုင်းပေးရမယ်။ အဲဒီငွေတွေကို ကျွန်တော်တို့ဘယ်ကရမလဲဆိုတာကို တွက်ဖို့လိုပါတယ်။

ဝန်ကြီးဌာနကစီမံကိန်းအရ ၂၀၂၀ ခုနှစ်မှာ လျှပ်စစ်ထွက်မယ်လို့ပြောတယ်။ အဲဒီလျှပ်စစ်တွေအားလုံးကို သုံးစွဲသူတွေကို ဖြန့်ဖြူးပေးဖို့အတွက်ကို ဒီကုမ္ပဏီတွေက Transmission Line ကို တည်ဆောက်ပေးတယ်ဆိုပေမဲ့ Distribution Line တွေ၊ ဓာတ်အားခွဲရုံတွေတည်ဆောက်ဖို့ အများကြီးလိုသေးတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒါတွေအတွက်ကို မလုပ်နိုင်ဘဲနဲ့ဆိုလို့ရှိရင်တော့ဖြင့် လျှပ်စစ်တွေဝယ်ပြီးတော့မှ ပိုက်ဆံတွေထိုင်ဖြုန်းတာနဲ့ အတူတူပဲလို့ပြောချင်ပါတယ်။ အခုကုမ္ပဏီတွေ

ထဲမှာလည်း Supreme Trading Co.Ltd က Project နှစ်ခုကို ပါဝင်ပတ်သက်ပါတယ်။ ပြင်ပလောက မှာတော့ အဲဒီကုမ္ပဏီဟာ အငြိမ်းစားယူသွားတဲ့ အခု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဟောင်း ဦးကျော်ဝင်းရဲ့ဇနီးက လုပ်နေတယ်ဆိုပြီးတော့မှ ကျွန်တော်တို့က သိရတယ်။ တစ်ခါ အဲဒီ Supreme ကုမ္ပဏီဟာ ဝန်ကြီးပိုင်ဆိုင်တဲ့ UE Myanmar နဲ့ ပူးပေါင်းထားတယ်။ နောက်ကွယ်မှာရှိတယ်ဆိုတာ ပြောနေတာတွေ နားနဲ့မဆံ့အောင် ကျွန်တော်ကြားနေရတယ်။ မစွပ်စွဲဘူး။ ကျွန်တော်တို့ကြားတဲ့ဟာကို ပြောတာဖြစ်ပါတယ်။ ကျွန်တော်တို့က မရှုံးအောင် လျှပ်စစ်ကို စျေးထပ်တင်မယ်ဆိုတာ အခုတောင် ကြားနေရပြီ။ လူထုကမကျေနပ်လို့ရှိရင် လမ်းပေါ်ကိုတက်လာနိုင် တယ်။ တိုင်းပြည်မတည်ငြိမ်နိုင်ဘူး။ ဒါကြောင့်မို့လို့ ဒီလျှပ်စစ်ကို ကျွန်တော်တို့က လျှော့မတွက်ပါနဲ့။ တိုင်းပြည်ရဲ့တည်ငြိမ်မှုကို ထိခိုက်စေ တယ်လို့ ကျွန်တော်က ပြောကြားလိုပါတယ်။ ဦးသိန်းစိန်အစိုးရလက်ထက်က ဗိုလ်တထောင် Port နဲ့ဆေးရုံဆောက်တာကို တင်ဒါမခေါ်ဘဲလုပ်ခဲ့တယ်။ ဒီဘက်ခေတ်မှာ လွှတ်တော်က မဲခွဲပြီးတော့မှ အဲဒါကိုပယ်ဖျက်ခဲ့ကြတယ်။ အခုလည်း တင်ဒါမခေါ်ဘဲလုပ်တယ်ဆိုလို့ရှိရင် လာမယ့်လာမယ့်အစိုးရ တွေကျလို့ရှိရင် ဘယ်လိုဖြစ်မလဲဆိုတာကို ကုမ္ပဏီတွေက ကြိုတင်တွက်ဆဖို့အတွက် ကျွန်တော် ဒီနေရာကနေပြီးတော့မှ သတိပေးတင်ပြလိုပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့မေးခွန်းကတော့ ဒေသလေးခုမှာဆောင်ရွက်မယ့် စီမံကိန်းကြီးလေးခုအတွက် Notice to Proceed ထုတ်ပေးနိုင်တဲ့ အဆင့်ထိရရှိအောင် တင်ဒါခေါ်ယူတဲ့အချိန်ကစတင်ပြီးတော့မှ ဘယ်လိုအဆင့်တွေကို ဘယ်လိုပွင့်ပွင့် လင်းလင်းထင်သာမြင်သာဆောင်ရွက်ခဲ့တယ်ဆိုတာကို ရှင်းလင်းဖြေကြားပေးဖို့အတွက် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ စစ်ကိုင်း တိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုဖို့နဲ့ သတ်မှတ်ထားတဲ့အချိန်ထက် အနည်းငယ်ကျော်လွန်လည်း ခွင့်ပြုပေးဖို့ ကျွန်တော့်အနေနဲ့ ဒီနေရာကနေပြီးတော့ ကြိုတင်တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီ တိုင်းဒေသကြီး၊ ကန်ပေါက် LNG to Power စီမံကိန်းကို Total Gas & Power Business Service (S.A.S)နှင့် SIEMENS A.G တို့ကလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မီးလောင်ဂျိုင့် LNG to Power စီမံကိန်းကို Zhefu Holding Co.Ltd နှင့် Supreme Trading Co.Ltd တို့ကလည်း ကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံ LNG to Power စီမံကိန်းကို TTCL Public Company Limited ကလည်းကောင်း၊ ရခိုင်ပြည်နယ်၊ ကျောက်ဖြူ CCGT စီမံကိန်းကို Sinohydro Corporation Limited နှင့် Supreme Trading Co.Ltd တို့ကလည်းကောင်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားရန် Notice to Proceed(NTP)ကို ၃၀-၁-၂၀၁၈ ရက်နေ့မှာ ထုတ်ပေးခဲ့ပါတယ်။

အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု(PPP) စီမံကိန်းများနှင့်ပတ်သက်ပြီးတော့ ရင်းနှီးမြှုပ်နှံသူမှ ၎င်း၏အစီအစဉ်ဖြင့် ဆောင်ရွက်လိုကြောင်း အဆိုပြုတင်ပြလာတဲ့ Unsolicited Project များကို နိုင်ငံတော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အတွက် အကျိုးဖြစ်ထွန်းနိုင်မှုအပေါ် မူတည်ပြီးတော့ တင်ဒါလုပ်ငန်းစဉ်မလိုအပ်ဘဲ စိစစ်ခွင့်ပြုဆောင်ရွက်ရန်ဖြစ်ကြောင်း ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ စီးပွားရေးရာကော်မတီရဲ့ အစည်းအဝေးအမှတ်စဉ်(၉/၂၀၁၇) ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က မူဝါဒများ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။

တစ်ဆက်တည်းပဲ လျှပ်စစ်ဥပဒေပုဒ်မ ၁၂ အရ ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ခွင့်ပြုမိန့်ထုတ်ပေးနိုင်ပါတယ်။ လျှပ်စစ်နည်းဥပဒေ ၁၅ အရ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း ခွင့်ပြုမိန့်လျှောက်ထားခြင်းမပြုမီ ဆောင်ရွက်ရန်လိုအပ်သော အကြီးစားလျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်းနှင့် ဖြစ်နိုင်စွမ်းလေ့လာမှုပြုလုပ်ရန် ခွင့်ပြုနိုင်ပါတယ်။ လျှပ်စစ်နည်းဥပဒေ ၃၃ အရ အထူးရည်ရွယ်ချက်ဖြင့်ခွင့်ပြုသော လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း ခွင့်ပြုမိန့်အား အများပြည်သူအကျိုးစီးပွားကို မြှင့်တင်ပေးမယ့်အထူးစီမံကိန်းများဆိုင်ရာ လုပ်ငန်းများအတွက် ခွင့်ပြုပေးနိုင်တယ်လို့ ဆိုထားပါတယ်။ အထက်မှာတင်ပြခဲ့တဲ့ စီမံကိန်းများအတွက် နိုင်ငံတကာဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းရန်၊ Engineering နှင့် Design ရေးဆွဲမှု၊ ESIA လေ့လာမှု၊ LNG တင်သွင်းမည့် အစီအစဉ်များကို ကုမ္ပဏီများက စတင်ဆောင်ရွက်နိုင်ရန် NTP စာကို ဌာနမှထုတ်ပေးခြင်းဖြစ်ပြီး သက်ဆိုင်ရာကုမ္ပဏီမှလည်း လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးခြင်းဖြစ်ပါတယ်။ လိုအပ်တဲ့လုပ်ငန်းစဉ်များ အဆင့်ဆင့်ဆောင်ရွက်ပြီးမှသာလျှင် ပြည်သူများအတွက် ရေရှည်အကျိုးရှိပြီး ထိရောက်သောနည်းလမ်းများဖြင့် အကောင်အထည်ဖော်နိုင်မည့် စီမံကိန်းစာချုပ်များကို ချုပ်ဆိုသွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိစာရင်းတွေအရ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ပြောရမယ်ဆိုရင် ရန်ကုန်မှာ ၁၃၅၀ မဂ္ဂါဝပ်၊ မန္တလေးမှာ ၃၃၁.၃ မဂ္ဂါဝပ်နှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာ ၁၆၇၈.၇ မဂ္ဂါဝပ်ခန့် စုစုပေါင်း ၃၃၆၀ မဂ္ဂါဝပ် ကျွန်တော်တို့ ထုတ်လုပ်ပေးလျက်ရှိပါတယ်။ အိမ်ထောင်စုများ စုစုပေါင်း ၁၀.၈၇၈ သန်းရှိတဲ့အနက်က ဒီအချိန်မှာဆိုရင် ကျွန်တော်တို့ ၄.၃၄ သန်း၊ ရာခိုင်နှုန်းအားဖြင့်ဆိုရင် ၃၉.၈၈ သန်းကိုသာလျှင် ကျွန်တော်တို့ လျှပ်စစ်ဖြန့်ဖြူးပေးနိုင်တဲ့ အနေအထားပဲ ရှိပါသေးတယ်။ လျှပ်စစ်ဓာတ်အား Demand Forecast တွေအရ နှစ်စဉ်ပျမ်းမျှ ၁၃ ရာခိုင်နှုန်းကနေပြီးတော့ ၁၅ ရာခိုင်နှုန်းခန့် တိုးတက်သွားမယ်လို့ ခန့်မှန်းထားပါတယ်။ ဒီနေ့ လျှပ်စစ်ဓာတ်အားကို ကိစ္စရပ်တိုင်းမှာ သုံးစွဲနေကြတာဖြစ်ပါတယ်။ ဓာတ်အားလိုင်းမရောက်သေးတဲ့ ဒေသများကနေပြီးတော့ အိမ်ထောင်စုခြောက်သန်းကလည်း National Grid ဓာတ်အားကိုသာ လိုချင်ကြပါတယ်။ အသေးစားစီးပွားရေးနှင့် စက်မှုလုပ်ငန်း SME များကလည်း National Grid မှသာလျှင် လျှပ်စစ်ဓာတ်အားကို လိုချင်ပါတယ်။ ဒီလိုရမှသာလျှင် ကုန်ထုတ်လုပ်မှုစရိတ်တွေ သက်သာနိုင်မှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ကောင်းမွန်တဲ့ Investment Environment၊ Doing Business တို့ဖြစ်ဖို့ကဆိုရင် လျှပ်စစ်က အဓိကကျနေပါတယ်။

ယခုခန့်မှန်းနေကြတဲ့ demand ကလည်း လိုအပ်သလောက်မရနိုင်တဲ့ supperss demand ဖြစ်နေပြီးတော့ နှစ်စဉ် demand တိုးတက်မှုက ရှေ့ကသွားပြီးတော့ supply ကအနောက်ကပဲ လိုက်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ အရင်းအမြစ်အပေါ်များဆုံးဖြစ်တဲ့ ရေအားလျှပ်စစ်စီမံကိန်းများကို ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ရန် ယခင်ခေတ်အဆက်ဆက်က MoU ၊ MoA ၊ JVA စတဲ့ သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့တာ စာချုပ်ပေါင်း ၃၀ ရှိပြီးတော့ စီမံကိန်းစုစုပေါင်း ၅၀၊ အဲဒီကနေထွက်ရှိမယ့် မဂ္ဂါဝပ် ၄၁၈၃၇.၄၀ ထုတ်လုပ်ရမှာဖြစ်သော်လည်းပဲ လက်တွေ့ ဒီကနေ့မှာ ဘာမှမရှိသေးပါဘူး။ ကျွန်တော်တို့လက်ထဲမှာ အဲဒီ မဂ္ဂါဝပ်လေးသောင်း ဘာမှာမရှိပါဘူး။ စာရွက်ပေါ်မှာပဲ ရှိပါတယ်။ အကယ်၍ အခုကစပြီး အကောင်အထည်ဖော်မယ်ဆိုရင်တောင်မှ နောက်ထပ် ၈ နှစ်ကနေပြီးတော့ ၁၀ နှစ်ကြာမှ ပြီးစီးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းများဖြစ်တဲ့ ရတနာဟာဆိုရင် (၁၉၉၈ ခုနှစ်)၊ ရဲတံခွန်(၂၀၀၀ ခုနှစ်)၊ ရွှေစီမံကိန်း(၂၀၁၃ ခုနှစ်)၊ ဇောတိကစီမံကိန်း(၂၀၁၄ ခုနှစ်) တို့ကနေ စတင်ပြီးတော့ ဓာတ်ငွေ့များကို ထုတ်လုပ်သုံးစွဲခဲ့တာဖြစ်ပြီးတော့ ရတနာစီမံကိန်းဟာဆိုရင် ၂၀၂၂ ခုနှစ်ကစပြီး ထုတ်လုပ်မှုများ ကျဆင်းလာတော့မှာဖြစ်ပါတယ်။ လက်ရှိ သဘာဝဓာတ်ငွေ့ ကုဗပေ ၄၀၈ သန်းကိုသုံးပြီး လျှပ်စစ်ဓာတ်အား ၁၄၉၆ မဂ္ဂါဝပ်ထုတ်နေနိုင်သော်လည်း ၂၀၂၂ ခုနှစ်မှစပြီး လျော့ထွက်လာမယ့် ဓာတ်ငွေ့ဖြင့်သာ စက်များလည်ပတ်ရမယ်ဆိုလျှင် တစ်နည်းအားဖြင့် သဘာဝ ဓာတ်ငွေ့တွင်းအသစ်မထွက်ရှိလျှင် ဓာတ်အားပေးစက်ရုံများကို အဆင့်ဆင့် ရပ်တန့်သွားရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဓာတ်အားပေးစက်ရုံများကို ရပ်တန့်ထား၍မဖြစ်နိုင်ပါ။ ဒါကြောင့်မို့လို့ ပြည်ပကနေပြီးတော့ Liquefied Natural Gas ကို တင်သွင်းဖြည့်ဆည်းဖို့ဆိုတဲ့ အမြော်အမြင်နဲ့ World Bank ရဲ့အကူအညီနဲ့ လေ့လာဆောင်ရွက်ခဲ့ရပါတယ်။ ယင်းလေ့လာမှုအရ ကျောက်ဖြူ၊ ငရုတ်ကောင်း၊ ကုလားကုတ်၊ ရန်ကုန်မြစ်ဝနှင့် ကန်ပေါက်နေရာ ငါးခုတို့မှာ ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ပြီး LNG တင်သွင်းနိုင်မယ့်အနေအထားကို ကျွန်တော်တို့အနေနဲ့ World Bank Report ကနေပြီးတော့ သိရှိခဲ့ရပါတယ်။ LNG တင်သွင်းရန် စဉ်းစားရခြင်းမှာ ကျွန်တော်တို့ ဒီအချိန်မှာ ကျွန်တော်တို့စဉ်းစားတဲ့အချိန်မှာ ကမ္ဘာ့ရေနံဈေးတွေက လည်း ကျဆင်းနေပါတယ်။ LNG ကလည်း ဝယ်သူ့ဈေးကွက်ဖြစ်ပြီးတော့ ပေါက်ဈေးအနည်းဆုံးအချိန်ဖြစ်နေပါတယ်။ အခြား Energy Resources များမှ ထုတ်လုပ်တဲ့ ဓာတ်အားခဈေးနှုန်းများနဲ့ ယှဉ်နိုင်ပြီးတော့ Clean Energy တစ်ခု ဖြစ်ခြင်း၊ အခြေခံဝန်အား(Base Load)အဖြစ် သုံးစွဲနိုင်ခြင်းစတဲ့အချက်တွေကို တွေ့ရှိရပါတယ်။ တစ်ဖက်တွင်လည်း ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများနှင့် ရေအားလျှပ်စစ်စီမံကိန်းများအား ကန့်ကွက်မှုများစွာရှိနေပါတယ်။ တည်ဆောက်ရေးကာလ မသေချာမှုများလည်း ရှိနေပါတယ်။ ကန်ပေါက်စီမံကိန်းနေရာဟာဆိုရင် Gas Infrastructure များလက်ရှိရှိပြီးတော့ မီးလောင်ကျွင်း (ရွှေသောင်ယံ)စီမံကိန်းနေရာဟာလည်း အလားလာကောင်းသော ကမ်းလွန်သဘာဝဓာတ်ငွေ့

လုပ်ကွက်အနီးမှာ တည်ရှိပါတယ်။ တစ်ချိန်ချိန်မှာ Domestic Gas အား ပြန်လည်အသုံးပြုလို့ရမယ့် အနေအထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ LNG သုံး ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းကို ဆောင်ရွက်လိုတဲ့ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများရဲ့အဆိုပြုချက် ၂၅ ခုကို ဝန်ကြီးဌာနအနေနဲ့ လက်ခံရရှိခဲ့ပါတယ်။ အဲဒီအနက်က ယခု NTP ထုတ်ပေးထားသောစီမံကိန်းသုံးခုကို အောက်ဖော်ပြပါအချက်များအပေါ် အခြေခံပြီးတော့ ရွေးချယ်ခဲ့ပါတယ်။ (၁) ရင်းနှီးမြှုပ်နှံမယ့်အဆိုပြုကုမ္ပဏီရဲ့ နောက်ခံအချက်အလက်များ၊ (၂) ကုမ္ပဏီတည်ထောင်ထားတဲ့နိုင်ငံ၊ (၃) စီမံကိန်းတည်နေရာနှင့် မြေနေရာရရှိနိုင်မှု၊ (၄) ဓာတ်အားစနစ်နှင့် ချိတ်ဆက်မယ့် အစီအစဉ်၊ (၅) တင်သွင်းမည့် LNG အတွက် FSRU နှင့် Jetty အစီအစဉ်တွေ၊ LNG Supply စိတ်ချရမှုအခြေအနေတွေ ဒါတွေကို ကျွန်တော်တို့ သုံးသပ်ခဲ့ပါတယ်။ ကန်ပေါက်စီမံကိန်းကို TOTAL ကုမ္ပဏီရဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းစခန်းဧရိယာအတွင်း မြေအလွတ်မှာ ပြင်သစ်နိုင်ငံ Total ကုမ္ပဏီနှင့် ဂျာမနီနိုင်ငံ Siemens ကုမ္ပဏီတို့က ရင်းနှီးမြှုပ်နှံတည်ဆောက်မှာဖြစ်ပါတယ်။ Floating Storage Regasification Unit(FSRU)ဖြင့် LNG ပို့မှာဖြစ်ပြီးတော့ လက်ရှိ ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်းလမ်းကြောင်းကို အသုံးပြုသွယ်တန်းမှာပါတယ်။ ကန်ပေါက်-မော်လမြိုင်-ဘုရားကြီး ၅၀၀ ကေဗွီဓာတ်အားလိုင်း ၄၅၀ ကီလိုမီတာနှင့် ဓာတ်အားခွဲရုံတွေကိုလည်း ကုမ္ပဏီရဲ့ရင်းနှီးမြှုပ်နှံမှုနဲ့ပဲ တည်ဆောက်ပြီးတော့ Build and Transfer စနစ်အရ မိမိဌာနသို့ လွှဲပြောင်းပေးအပ်မှာဖြစ်ပါတယ်။ NTP ထုတ်ပေးပြီး ၃၆ လမှာ Open Cycle နှင့် ၄၈ လမှာ စီမံကိန်းတစ်ခုလုံး ပြီးစီးအောင်ဆောင်ရွက်ဖို့ လျာထားပါတယ်။ စီမံကိန်းမြေနေရာ အခက်အခဲမရှိခြင်း၊ Total နှင့် Siemens ကုမ္ပဏီတို့မှာ ကမ္ဘာ့အကြီးဆုံးကုမ္ပဏီများထဲမှာ ပါဝင်ပြီးတော့ အရည်အသွေးရှိသောကုမ္ပဏီများဖြစ်ခြင်း၊ ၎င်းတို့၏ဆောင်ရွက်မှုအပေါ်မှာ ယုံကြည်စိတ်ချရခြင်း၊ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ North-South-East-West Grid ကြီးလေးခုကို အရေးပါတဲ့ တောင်ပိုင်းGrid (Southern Grid)အတွက် လုံလောက်သော ဓာတ်အားထုတ်လုပ်မှုနှင့် ၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်းစနစ်ရရှိလာမှာဖြစ်ပါတယ်။ လက်ရှိ ထားဝယ်၊ မြိတ်ဒေသတို့မှာ ဓာတ်အားဈေးတစ်ယူနစ်လျှင် ၂၅၀ ကျပ်ကနေပြီးတော့ ၄၅၀ ကျပ်နှုန်းအထိ ဈေးမြင့်ပေးနေရတဲ့အခြေအနေကနေပြီးတော့ သတ်မှတ်ဈေးနှုန်းနဲ့ ဓာတ်အားစနစ်ကနေပြီးတော့ ဓာတ်အားတွေကို တစ်ပြေးညီအသုံးပြုခွင့်ရရှိလာမှာဖြစ်ပါတယ်။ ထားဝယ် SEZ အတွက်လည်း လုံလောက်တဲ့လျှပ်စစ်ဓာတ်အားကိုလည်း ဖြန့်ဖြူးပေးလာနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလုံ LNG စီမံကိန်းကို အလုံဓာတ်အားပေးစက်ရုံဝန်းအတွင်းမှာရှိတဲ့ မြေလွတ်ပေါ်မှာ တည်ဆောက်မှာဖြစ်ပြီးတော့ ထိုင်းနိုင်ငံ TTCL Public Company Limited က ရင်းနှီးမြှုပ်နှံမှာ ဖြစ်ပါတယ်။ FSRU ကို ရန်ကုန်မြစ်ဝ၊ သန်လျင်တွင် ဆိုက်ကပ်ပြီးတော့ သာကေတသို့မဟုတ် ဒလဘက်ကမ်းမှတစ်ဆင့် ပိုက်လိုင်းသွယ်တန်းနိုင်မှာဖြစ်ပါတယ်။ အလုံ-လှိုင်သာယာ ၂၃၀ ကေဗွီဓာတ်အားလိုင်း ၁၄ မိုင်ကိုလည်း ကုမ္ပဏီရဲ့ရင်းနှီးမြှုပ်နှံငွေနဲ့ တည်ဆောက်မှာဖြစ်ပြီးတော့ Build and Transfer စနစ်အရ မိမိဌာနသို့ လွှဲပြောင်းပေးရမှာဖြစ်ပါတယ်။ NTP ထုတ်ပေးအပြီး ၂၈ လမှာ စီမံကိန်းပြီးစီးရန် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စီမံကိန်းမြေနေရာကတော့ TTCL မှ B.O.T

စနစ်ဖြင့် ၂၀၁၃ ခုနှစ်က စတင်လည်ပတ်နေတဲ့ မူလ အလုံ ၁၂၀ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ပြီးတော့ ရန်ကုန်မြို့ Downtown မြို့နယ်များဖြစ်တဲ့မြို့နယ်များကို တိုက်ရိုက်ဓာတ်အားပေးနိုင်တဲ့ တည်နေရာလည်း ဖြစ်ပါတယ်။ TTCL ကုမ္ပဏီအနေနဲ့ လက်ရှိဓာတ်အားပေးစက်ရုံကိုလည်း ကောင်းစွာလည်ပတ်တဲ့အနေအထားလည်းရှိကြောင်း တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေသောင်ယံဒေသ၊ မီးလောင်ဂျိုင် LNG စီမံကိန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhefu Holding Group Co.,Ltd နှင့် မြန်မာနိုင်ငံသား Supreme Trading Co.,Ltd တို့က ရင်းနှီးမြှုပ်နှံမှာဖြစ်ပါတယ်။ Floating Storage Unit ကို ယင်းဓာတ်အားပေးစက်ရုံအနီး ဆိုက်ကပ်ပြီးတော့ LNG ကို ပိုက်လိုင်းဖြင့် သွယ်တန်းမှာဖြစ်ပါတယ်။ မီးလောင်ဂျိုင်-လှိုင်သာယာ ၅၀၀ ကေဗွီဓာတ်အားလိုင်း မိုင် ၁၇၀ နှင့် ဓာတ်အားခွဲရုံများကို ကုမ္ပဏီရဲ့ရင်းနှီးမြှုပ်နှံငွေနဲ့ တည်ဆောက်မှာဖြစ်ပြီးတော့ Build and Transfer စနစ်အရ ဌာနသို့ လွှဲပြောင်းပေးရမှာဖြစ်ပါတယ်။ NTP ထုတ်ပေးပြီး ၃၆ လမှာ Open Cycle နှင့် ၄၂ လမှာ စီမံကိန်းတစ်ခုလုံး ပြီးစီးရမှာဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက် ၇-၃-၂၀၁၆ ရက်နေ့မှာ MoU လက်မှတ်ရေးထိုးထားတာဖြစ်ပြီးတော့ ကုမ္ပဏီမှ ဖြစ်နိုင်စွမ်းလေ့လာမှုအစီရင်ခံစာကို ၅-၅-၂၀၁၇ ရက်နေ့တွင် တင်ပြပြီးလည်းဖြစ်ပါတယ်။ Zhefu Holding Group Co.,Ltd အနေနဲ့ တရုတ်နိုင်ငံရဲ့ထိပ်တန်းနိုင်ငံပိုင် လျှပ်စစ်ကုမ္ပဏီငါးခုမှာ အပါအဝင်ဖြစ်တဲ့ China Huadian Corporation နှင့်ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဓာတ်အားပေးစက်ရုံမြေနေရာကို မြန်မာကုမ္ပဏီပိုင်မြေအဖြစ် တိုင်းဒေသကြီးအစိုးရနှင့်ညှိနှိုင်းရယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ Western Grid အတွက် လုံလောက်သောဓာတ်အားထုတ်လုပ်မှုနှင့် ၅၀၀ ကေဗွီမဟာဓာတ်အားလိုင်းစနစ်ကို ရရှိနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ စီမံကိန်းကို တရုတ်နိုင်ငံ Sinohydro Corporation Limited(Power China)နှင့် မြန်မာနိုင်ငံ Supreme Trading Company Limited တို့က ရင်းနှီးမြှုပ်နှံပြီး လက်ရှိ ကျောက်ဖြူ Gas Engine ဓာတ်အားပေးစက်ရုံဝန်းအတွင်းမှာ တည်ဆောက်မှာဖြစ်ပါတယ်။ ရွှေသဘာဝဓာတ်ငွေ့ကို အသုံးပြုမှာဖြစ်ပြီးတော့ ၂၃၀ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများလည်း ကျောက်ဖြူမှာ အသင့်ရှိပြီးဖြစ်ပါတယ်။ NTP ထုတ်ပေးပြီး ၂၉ လမှာ စီမံကိန်းပြီးစီးရမှာဖြစ်ပါတယ်။ ယခင် အစိုးရလက်ထက်က တရုတ်နိုင်ငံ EXIM Bank ရဲ့ချေးငွေနဲ့ ကျောက်ဖြူ Combined Cycle Gas Turbine စက်ရုံတည်ဆောက်ရန် တင်ဒါခေါ်ယူခဲ့ရာ Sinohydro Corporation Limited မှ အောင်မြင်ခဲ့ပါတယ်။ ချေးငွေအတိုးနှုန်းများသဖြင့် ချေးငွေရရှိရေးကိုပြန်လည်သုံးသပ်ပြီးတော့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ဖို့ စဉ်းစားခဲ့ခြင်းဖြစ်ပါတယ်။ ကုမ္ပဏီအနေနဲ့စီမံကိန်းဆိုင်ရာ ဖြစ်နိုင်စွမ်းလေ့လာမှုလုပ်ငန်းနှင့် ESIA များ ဆောင်ရွက်ပြီးဖြစ်ပြီးတော့ မြေနေရာလည်း အသင့်ရှိပြီးဖြစ်ပါတယ်။ Sinohydro ကုမ္ပဏီသည် တရုတ်နိုင်ငံ၏လျှပ်စစ်ကုမ္ပဏီကြီးများတွင်ပါဝင်ပြီးတော့ ယုံကြည်စိတ်ချရသော ကုမ္ပဏီဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုရှင်းလင်းတင်ပြခဲ့တဲ့စီမံကိန်းလေးခုလုံးမှာဆိုရင် နိုင်ငံတော်ဘတ်ဂျက်သုံးပြီး ဌာနကဆောင်ရွက်တဲ့စီမံကိန်းများမဟုတ်ပါကြောင်းနှင့် ရာခိုင်နှုန်းအပြည့် ပုဂ္ဂလိကမှ

ရင်းနှီးမြှုပ်နှံငွေဖြင့် ဆောင်ရွက်လိုကြောင်း အဆိုပြုလာတဲ့ Unsolicited Project များဖြစ်သောကြောင့် တင်ဒါလုပ်ငန်းစဉ်မလိုအပ်ဘဲ PPP စီမံကိန်းများအတွက် နိုင်ငံတော်ကချမှတ်ထားသော မူဝါဒနှင့်အညီ စိစစ်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ လျှပ်စစ်ဥပဒေပုဒ်မ ၁၂၊ လျှပ်စစ်နည်းဥပဒေ ၁၅ နှင့် ၃၃ တို့အရလည်း ခွင့်ပြုနိုင်တဲ့ စီမံကိန်းလုပ်ငန်းများမှာလည်း ပါဝင်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ နိုင်ငံတော်သမ္မတကြီးကလည်း ၁၇-၄-၂၀၁၈ ရက်နေ့ နှစ်သစ်ကူးမိန့်ခွန်းမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်မီးတိုးမြှင့်ရရှိရေးအတွက် ယခုလက်ရှိထုတ်လုပ်မှုမဂ္ဂါဝပ် ၃၀၀၀ မှ လာမည့်သုံးနှစ်အတွင်း နောက်ထပ်မဂ္ဂါဝပ် ၃၀၀၀ ထပ်မံတိုးမြှင့်၍ စုစုပေါင်းမဂ္ဂါဝပ် ၆၀၀၀ ထုတ်လုပ်ပေးသွားမှာဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးတွင်လည်း လက်ရှိသုံးစွဲနေတဲ့ ၂၃၀ ကေဗွီလိုင်းအပြင် နောက်ထပ် ၅၀၀ ကေဗွီလိုင်းကိုလည်း သုံးနှစ်အတွင်း တိုးချဲ့ဖြန့်ဖြူးပေးသွားမှာဖြစ်ကြောင်း မိန့်ကြားခဲ့ပါတယ်။ ကျွန်တော်တို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့လျှပ်စစ်စွမ်းအင်ဖူလုံရေးကို ပြည်သူများနှင့်အတူ လက်တွဲပြီးတော့ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဝန်ကြီး ဦးဝင်းခိုင်ကိုလည်း ဖြေကြားပေးလို့ ကျေးဇူးတင်ပါတယ်ခင်ဗျား။ အဲဒီတော့ နိုင်ငံခြားကနေပြီးတော့မှ သူတို့ရဲ့ Total Investment ရှိလို့ရှိရင် တင်ဒါခေါ်လို့မရဘူးလို့ပြောတာကတော့ ကျွန်တော် ဒါကို လုံးဝငြင်းဆန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဦးသိန်းစိန် အစိုးရလက်ထက်မှာ Ooredoo နှင့် Telenor က သူတို့ Investment လာလုပ်တယ်။ ဒါကို ကျွန်တော်တို့က International Tinder ခေါ်ပြီးတော့မှ Third Committee Standard ရွေးချယ်ပြီးတော့မှ သူတို့ဟာ Nomination List မှာပါပြီး သူတို့ကို အတည်ပြုခဲ့တာဖြစ်ပါတယ်။ အခု ကျွန်တော်တို့ သုံးစွဲနေကြပြီ။ ဒါကြောင့်မို့လို့ နိုင်ငံတကာကလာပြီး ရင်းနှီးမြှုပ်နှံတဲ့ပိုက်ဆံတွေ အားလုံးနဲ့ ရင်းနှီးတာနဲ့ပဲ တင်ဒါမခေါ်ရဘူးဆိုတာတော့ ဝန်ကြီးရဲ့အယူအဆမှားနေပြီလို့ ကျွန်တော်က ဒါတည့်တည့်ပဲပြောပါရစေ။

နောက်တစ်ခုကတော့ တင်ဒါမခေါ်ရတဲ့အကြောင်းအရင်းကို ဝန်ကြီးက အချက်လေးချက်ရှင်းပြတယ်လို့ မှတ်မိပါတယ်။ (၁)ကတော့ ဥပဒေသုံးခုကို ကိုးကားသွားတယ်။ ဒါလျှပ်စစ်ဥပဒေ အပိုဒ် ၁၂ မှာပါတယ်။ ပြည်ထောင်စုက စီမံခန့်ခွဲလျက်ရှိသည့် အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများဖြစ်ပါက ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူ ဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းကိုမဆို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့ကသဘောတူညီချက်ဆိုတာရဲ့ နောက်ကွယ်က Definition ကဘာလဲ။ တင်ဒါခေါ်ရမယ်။ စိစစ်ရမယ်။ စီး/ကော်တင်ရမယ်။ Cabinet တင်ရမယ်။ ဒါမှ ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူလို့ရမယ်ဆိုတာ ကျွန်တော်ပြောချင်တာပါ။

နောက်တစ်ခါ ဒုတိယဥပဒေ။ ဒါက နည်းဥပဒေ။ နည်းဥပဒေ ၁၅ မှာရေးထားတယ်။ အဲဒါမှာလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ပဲ ဆောင်ရွက်ခွင့်ရှိတယ်ဆိုတာ နည်းဥပဒေမှာလည်းပါတယ်။ နောက်တစ်ခုကတော့ နည်းဥပဒေ ၃၃ မှာပါတယ်။ နည်းဥပဒေ ၃၃ မှာကျတော့ ဝန်ကြီးက ဒါကို ကိုးကားသွားတယ်။ နည်းဥပဒေ ၃၃ မှာပါတာက ဓာတ်အားပို့လွှတ်တာကို ပြောတာ။ အဲဒါဟာ ပြည်ထောင်စုအစိုးရရဲ့သဘောတူညီချက်တော့မလိုဘူး။ သို့သော် ဓာတ်အား ပို့လွှတ်တဲ့ကိစ္စတွေကို ပြောတာဖြစ်တယ်။ ထုတ်လုပ်တာ မပါဘူးဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးတို့က ဒီလိုဥပဒေဟာ ဒီဥပဒေတွေကျတော့ လုပ်ပါတယ်ဆိုလို့ရှိရင်လည်း ဒီဥပဒေက ခင်ဗျားတို့မှားနေပြီလို့ ကျွန်တော်ပြောချင်ပါတယ်။

နောက်တစ်ခုကတော့ စီးပွားရေးကော်မတီရဲ့ဆုံးဖြတ်ချက်အရလုပ်တယ်လို့ ပြောတယ်။ စီးပွားရေးကော်မတီကရော ဒီဥပဒေကို ကျော်လို့ရလား။ ကျွန်တော်ပြောမယ်။ ဒါဘဲ။ အဲဒီတော့ စီးပွားရေးကော်မတီဆိုတာ ပွင့်ပွင့်လင်းလင်းပြောလို့ရှိရင် နိုင်ငံတော်သမ္မတရုံးရဲ့အောက်မှာရှိတယ်။ နိုင်ငံတော်သမ္မတရုံးက ၁/၂၀၁၇ နဲ့ထုတ်ထားတယ်။ အဲဒါကို မလိုက်နာဘူးဆိုလို့ရှိရင် စီးပွားရေး ကော်မတီက မှားနေပြီလို့ ကျွန်တော်ထုတ်ပြချင်တယ်။ အဲဒီတော့ စောစောကပြောတဲ့အချက်ငါးချက်နဲ့ ခင်ဗျားတို့ ဒါကို Evaluation လုပ်တယ်ပေါ့ဗျာ။ လာချဉ်းကပ်တဲ့ကုမ္ပဏီကိုပေးတာပဲ။ ရှင်းရှင်းလေးပဲ။ အဲဒီအချက်ငါးချက်စိစစ်တဲ့အခါမှာလည်း ဈေးနှုန်းလုံးဝမပါဘူး။ ဈေးနှုန်းအသက်သာဆုံးမဟုတ်ဘူး ဆိုတာ ကျွန်တော်က စွပ်စွဲချင်တာ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ဒါကို မေးခွန်း ထပ်ပြီးတော့မှ မေးချင်တာကတော့ လျှပ်စစ်ဥပဒေ ပုဒ်မ ၁၂ အရ တင်ဒါမခေါ်ဘဲနဲ့ ဝန်ကြီးဌာနက ပေးခွင့်ရှိသလား။ နည်းဥပဒေ ၁၅ အရ တင်ဒါမခေါ်ဘဲနဲ့ ဝန်ကြီးဌာနက စွက်ဖက်ခွင့်ရှိသလား။ Notice to Proceed ထုတ်ပေးထားတဲ့ ကုမ္ပဏီတွေကို PPA အရ ကျွန်တော်တို့က ပေးအပ်မယ်ဆိုတဲ့ အခါမှာ ၁၀ ဆင့်ထက်ကျော်ပြီဆိုရင် ၁၅၀ အထက်မှာ ကျော်သွားပြီ။ တစ်ယူနစ်ဈေးနှုန်းရောင်းတဲ့ ဈေးနှုန်းက။ ၁၀ ဆင့်ဆိုလို့ရှိရင် ၁ ရက်၊ တစ်ဘတ် ၁၅၀ လောက်ရှိနေတယ်။ ဖြန့်ဖြူးရေးစရိတ်က ၁၅ ရာခိုင်နှုန်းပေါင်းလို့ရှိရင် တစ်ယူနစ်ဈေးနှုန်း ၁၅၀ အထက်မှာရှိတယ်။ ကျွန်တော်တို့ ခါးကော့အောင် ခံရမယ်ဆိုတာ ခင်ဗျားတို့ စဉ်းစားခဲ့ရဲ့လားဆိုတာ ပြောချင်တယ်။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ။** ။ ဝန်ကြီးအနေနဲ့ ဖြေကြားနိုင်ရင် ဖြေကြားပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် မေးခွန်းမေးမြန်းတဲ့ မင်းကင်းမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် တော်ကြီး ကျွန်တော့်အနေနဲ့ ထပ်ဆင့်မေးခွန်းအပေါ်မှာ အနည်းငယ်ရှင်းပြပေးပါ့မယ်။ ကျွန်တော် ရှင်းတဲ့အထဲမှာလည်း ပါပါတယ်။ ကျွန်တော်တို့ အခုက ကျွန်တော်တို့မှာ လျှပ်စစ်လိုအပ်ချက်တွေ အများကြီးရှိနေပါတယ်။ ကျွန်တော်တို့ အစိုးရတက်ပြီးတဲ့နောက်ပိုင်း လျှပ်စစ်ပြဿနာကို ကျွန်တော် တို့ မဖြေရှင်းလို့မရပါဘူး။ ခုနက တင်ပြတဲ့အထဲမှာလည်း ပါပါတယ်။ ယခင်ခေတ်အဆက်ဆက်မှာ မဂ္ဂါဝပ် ၄၁၀၀၀ စာရွက်ပေါ်မှာပဲရှိခဲ့ပါတယ်။ လက်တွေ့ ဘာမှမရှိပါဘူး။ ကျွန်တော်တို့ တာဝန်ယူတဲ့ အချိန်မှာ ဒုံရင်းဒုံရင်းပါပဲ။ မဂ္ဂါဝပ် ၃၀၀၀ အခုလည်း ၃၀၀၀ ကျော်လေးပဲ ရှိပါတယ်။ နောက်သုံးနှစ်

မှာဖြစ်ပေါ်လာမယ့် Electricity Demand ဒါကလည်း သေချာပေါက်လိုအပ်မှာဖြစ်ပါတယ်။ ဒီအပေါ်မှာ ကျွန်တော်တို့တွေ ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသားမလုပ်ဘူးဆိုရင် နောက်သုံးနှစ်မှာလည်း ဒီလွှတ်တော်မှာ ကျွန်တော်တို့ ဒီအကြောင်းပဲဆက်ပြီး ပြောနေရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ဘတ်ဂျက်နဲ့ကတော့ တစ်နှစ်တစ်နှစ်ကို မဂ္ဂါဝပ် ၁၀၀ ဝန်းကျင်လောက်ပဲရအောင် ကျွန်တော်တို့လုပ်နိုင်မှာ ဒါလက်တွေ့အခြေအနေပါ။ ကျွန်တော်တို့ ဒီလိုသာဆောင်ရွက်မယ်ဆိုရင် ပြည်သူလူထုတောင့်တတဲ့ ယခင်နှစ်ပေါင်းများစွာက လုပ်သင့်လုပ်ထိုက်ပြီးတော့ မလုပ်ခဲ့လို့ အခုချိန်ကျမှ ကျွန်တော်တို့လက်ထက်ကျမှ မဂ္ဂါဝပ် ၃၀၀၀ ကြီးကို လာပြီးလုပ်ရမယ့်အခြေအနေ တစ်ခုရောက်နေလို့ ကျွန်တော်တို့လုပ်ရခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုကလည်း လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးတစ်ယောက်အနေနဲ့ နောက်သုံးနှစ်မှာ ကိုယ့်တိုင်းပြည်မှာ ဓာတ်ငွေ့တွေကုန်တော့မှာကို သိသိကြီးနဲ့ ဘာမှမလှုပ်ရှားဘဲ၊ မလုပ်ဘဲ၊ မကိုင်ဘဲနေလို့မရပါဘူး။ ဓာတ်ငွေ့စက်ရုံက လောလော ဆယ် မဂ္ဂါဝပ် ၁၄၀၀ ကျော် ကျွန်တော်တို့ပေးနေပါတယ်။ နောက်သုံးနှစ်မှာ အဲဒီ ပြည်တွင်းဓာတ်ငွေ့ မရရင် ၁၄၀၀ မဂ္ဂါဝပ် System ထဲကနေ ပြုတ်ထွက်သွားမယ်ဆိုရင် ဒီမှာရှိတဲ့ အမတ်ကြီးများအားလုံး ဘာတွေဖြစ်ကုန်မလဲဆိုတာ မှန်းဆလို့ရပါတယ်။ ကျွန်တော့်အနေနဲ့ ဒါကို ကြိုတင်မြော်ကြည့်ပြီးတော့ တစ်ဘက်ကလည်း ကျွန်တော်တို့နိုင်ငံရဲ့ဓာတ်ငွေ့တွေ ပြန်လည်ရအောင်ဆောင်ရွက်နေပါတယ်။ ဒါက လည်း အနည်းဆုံး လေး၊ ငါး၊ ခြောက်နှစ်ကြာမှ ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒါတွေကို ကျွန်တော်တို့ စောင့်နေလို့မရပါဘူး။ ရေအားလျှပ်စစ်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့လည်း သိပါတယ်။ ကိုယ့်တိုင်းပြည်မှာရှိတဲ့ ရေအားလျှပ်စစ်ကို အဓိကထားပြီးသုံးရမယ်ဆိုတာ။ ဒါပေမဲ့ ရေအားလျှပ်စစ် ဆိုတာ ရှစ်နှစ်၊ ၁၀ နှစ် ကြိုပြီးလုပ်ရတဲ့အလုပ်တွေပါ။ အခုလျှပ်စစ်တွေလိုချင်၊ အခုရေအားလျှပ်စစ် ဘယ်လိုမှထုတ်လို့မရဘူး။ အရင်မလုပ်ခဲ့တဲ့ဟာကို လျှပ်စစ်ပြဿနာဟာ ကျွန်တော်တို့လက်ထက်မှာ ဖြေရှင်းဖို့ရောက်လာတဲ့အခါမှာ LNG မသုံးဘဲနဲ့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့လည်း ပြောပြီးသားပါ။ လွန်ခဲ့တဲ့ငါးနှစ်ဆိုရင်လည်း LNG မစဉ်းစားနိုင်ပါဘူး။ LNG ဈေးကြီးခဲ့ပါတယ်။ အခုချိန်မှာတော့ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် နိုင်ငံခြားကဝယ်တဲ့ LNG နဲ့ ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ သဘာဝဓာတ်ငွေ့ဈေး အတူတူလောက်ကိုရှိနေပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် LNG ဆိုတာ ကြောက်စရာကြီးလည်းမဟုတ်ပါဘူး။ Global Market တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာပြည်တစ်ပြည်တည်း ရောင်းနေတဲ့ ရောင်းကုန်တစ်ခုလည်းမဟုတ်ပါဘူး။ ကမ္ဘာကြီးတစ်ခုလုံးကို ရောင်းနေတဲ့ပစ္စည်းတစ်ခုဖြစ်တဲ့အတွက် ကျွန်တော်တို့က Global Supply Changes မှာရှိတဲ့ သေးသေးကွေးကွေးတိုင်းပြည်လေးတစ်ပြည်ပဲဖြစ်တဲ့အတွက် LNG မရဖို့ဆိုတာတော့ ပူစရာမရှိပါဘူး။ ဈေးနှုန်းကတော့ အခု NTP ပေးထားတဲ့သဘောကိုက ကျွန်တော်တို့တွေ ဘာမှမဆုံးဖြတ်သေးပါဘူး။ သူတို့ကို အကြိုအင်ဂျင်နီယာလုပ်ငန်းတွေ၊ အခုနကပြောတဲ့ ဈေးနှုန်းနဲ့ပတ်သက်တာတွေ။ ဒါတွေကို ကျွန်တော်တို့အများကြီး ဆွေးနွေးရဦးမှာပါ။ ဒါတွေအတွက် ကျွန်တော်တို့က Award မဟုတ်ပါဘူး။ Notice to Proceed လုပ်ငန်းကို မင်းတို့လည်အောင် စပြီးတော့ ဆောင်ရွက်ကြ။ မင်းတို့ရဲ့ Feasibility Study, EIA, SIA ဒါတွေကို ရှင်းလင်းကြ။ ငါတို့ပေးနိုင်တဲ့ဈေးနှုန်းနဲ့ မင်းတို့ညှိကြ။ ဒါကို ကျွန်တော်တို့လုပ်ဖို့အတွက် NTP ထုတ်ပေးခြင်းဖြစ်ပါတယ်။ Contract Award မဟုတ်ပါသေးပါဘူး။ ဒီအပေါ်မှာ ကျွန်တော်တို့အနေနဲ့ ဒီလိုမှမလုပ်ရင် နောက်သုံးနှစ်မှာ ကျွန်တော့်အနေနဲ့တာဝန်ရှိပါ

လိမ့်မယ်။ တာဝန်ယူ၊ တာဝန်ခံမှုဖြစ်တဲ့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးတစ်ယောက်အနေနဲ့တော့ ကျွန်တော်ကတော့ တိုင်းသူပြည်သားတွေ လိုတဲ့လျှပ်စစ်ကို ကျွန်တော့်အနေနဲ့ နည်းပေါင်းစုံရရှိအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း လွှတ်တော်၊ အစိုးရ၊ ပြည်သူအားလုံး ညီညီညွတ်ညွတ်နဲ့ အားလုံးရဲ့သဘောဆန္ဒနှင့်အညီသာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော့် တစ်ဦးတစ်ယောက်သဘောထားနဲ့ ဆောင်ရွက်မှာမဟုတ်ကြောင်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီလိုမေးခွန်းတွေ မေးမြန်းတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များဟာဆိုလို့ရှိရင် မိမိရဲ့ဂုဏ်သိက္ခာနှင့်လျော်ညီစွာပြုမူပြောဆိုရမှာ ဖြစ်ပါတယ်။ ကြမ်းတမ်းတဲ့ ကိုယ်၊ နှုတ်အမူအရာတွေကို ရှောင်ရှားဖို့ သတိပေးလိုပါတယ်။

**ထီးလင်းမြို့နယ်အတွင်းရှိ အကြည်ဘန်း၊ အလယ်ဘန်း၊ အညာဘန်းကျေးရွာ(၃)ရွာအား လျှပ်စစ်မီး ရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ ကျွန်တော်တို့ထီးလင်းမြို့နယ်အတွင်းမှာရှိတဲ့ အကြည်ဘန်းကျေးရွာ၊ အလယ်ဘန်းကျေးရွာနှင့် အညာဘန်းကျေးရွာတွေကို လျှပ်စစ်မီးရရှိရေး စီစဉ် ဆောင်ရွက်ထားနေမှုရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမယ်၊ အစီအစဉ်မရှိပါက အဘယ်ကြောင့်ဆိုတာကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခုတင်ပြတဲ့ ကျေးရွာသုံးရွာဟာ ထီးလင်းမြို့ကနေပြီးတော့မှ ပေါက်-ပခုက္ကူသွားကားလမ်းမကြီးပေါ်မှာ တည်ရှိပါတယ်။ အဲဒီကျေးရွာသုံးရွာမှာ အိမ်ထောင်စု ၃၈၀ ကျော်ရှိပြီးတော့မှ လူဦးရေ ၁၈၀၀ ခန့် တည်ရှိပါတယ်။ ဒါ့အပြင် အကြည်ဘန်းကျေးရွာဟာဆိုလို့ရှိရင် ထီးလင်းမြို့နဲ့ ၈ မိုင်ဝေးပြီးတော့ အညာဘန်းကျေးရွာဟာ ၁၂ မိုင် ခန့်ဝေးပါတယ်။ ကားလမ်းပေါ်ကြီး မှာ ရှိတဲ့အတွက် သွားလာရလွယ်ကူသောကျေးရွာများလည်း ဖြစ်ပါတယ်။ နောက်တစ်ခုတင်ပြလိုတာ ကတော့ အကြည်ဘန်းကျေးရွာဟာဆိုလို့ရှိရင် အခြေခံပညာအထက်တန်းကျောင်းနှင့် ကျေးလက် ကျန်းမာရေးဌာနရှိတဲ့အတွက်ကြောင့်မို့လို့ အနီးအနားမှာရှိတဲ့ ကျေးရွာပေါင်း ၁၀ ရွာက ကျောင်းသူ ကျောင်းသားတွေနဲ့ မိဘပြည်သူတွေ မှီခိုအားထားနေရတဲ့ ကျေးရွာတစ်ရွာလည်းဖြစ်ပါတယ်။ အကယ်၍ အကြည်ဘန်းကျေးရွာမှာ လျှပ်စစ်မီးရရှိမယ်ဆိုလို့ရှိရင် အခြေခံပညာအထက်တန်းကျောင်း မှာရှိတဲ့ ပညာသင်ကြားနေတဲ့ကျောင်းသူကျောင်းသားများရဲ့ ပညာရေးကို ပိုမိုပြီးတော့မှ အထောက်အကူဖြစ်လာမှာဖြစ်တဲ့အပြင် ကျွန်တော်တို့ဒီဒေသမှာရှိတဲ့ ပြည်သူလူထုတွေရဲ့ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအဆင့်အတန်းဟာလည်း မြင့်မားလာမှာဖြစ်ပါတယ်။ ဒါ့အပြင် အနီးအနားမှာရှိတဲ့

အလယ်ဘန်းကျေးရွာ၊ အညာဘန်းကျေးရွာများကိုလည်း လျှပ်စစ်မီးလွယ်ကူစွာသွယ်တန်းနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် အနီးအနားမှာရှိတဲ့ ဘူးတောင်းကျေးရွာ၊ ညောင်ကျေးရွာ၊ တိကျေးရွာ၊ ငါးဆင်း ကျေးရွာနှင့် အခြားကျေးရွာများကိုလည်း လျှပ်စစ်မီးရရှိနိုင်ရေးအတွက် တစ်ဆင့်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အကြည်ဘန်းကျေးရွာ၊ အလယ်ဘန်းကျေးရွာနှင့် အညာဘန်းကျေးရွာ များကို လျှပ်စစ်မီးသွယ်တန်းပေးပါရန် တောင်းဆိုရင်းနဲ့ အထက်ပါမေးခွန်းကိုမေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး မေးမြန်းတဲ့ မကွေး တိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်အတွင်းရှိ အကြည်ဘန်းကျေးရွာ၊ အလယ်ဘန်းကျေးရွာ၊ အညာဘန်း ကျေးရွာသုံးရွာအား လျှပ်စစ်မီးရရှိရေးစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်၊ အစီအစဉ်မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုခြင်းနှင့်ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ်အတွင်းမှာရှိတဲ့ အကြည်ဘန်းကျေးရွာနှင့် အလယ်ဘန်းကျေးရွာနှစ်ရွာ ဓာတ်အားရရှိရေးအတွက် ၆၆/၁၁ ကေဗွီ၊ 5 MVA၊ ထီးလင်း ဓာတ်အားခွဲ ရုံမှ 11 KV ဓာတ်အားလိုင်း ၇ မိုင်နှင့် 11/0.4 KV၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာသုံးလုံး၊ အညာဘန်း ကျေးရွာဓာတ်အားရရှိဖို့အတွက် အလယ်ဘန်းကျေးရွာကတစ်ဆင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ မိုင် နှင့် 11/0.4 KV၊ 200 KVA ထရန်စဖော်မာတစ်လုံးတည်ဆောက်ပေးရမှာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါ တယ်။ ဒါကြောင့်မို့ အကြည်ဘန်းကျေးရွာနှင့် အလယ်ဘန်းကျေးရွာနှစ်ရွာ ဓာတ်အားရရှိရေးအတွက် လိုအပ်တဲ့ 11 KV ဓာတ်အားလိုင်း ၇ မိုင်နှင့် 11 to 0.4 KV၊ 200 KVA ထရန်စဖော်မာသုံးလုံးအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအထိ) တိုင်းဒေသကြီးအစိုးရရန်ပုံငွေတွင်လည်းကောင်း၊ အညာဘန်း ကျေးရွာဓာတ်အားရရှိရေးအတွက် လိုအပ်သော 11 KV ဓာတ်အားလိုင်း ၅ မိုင်နှင့် 11/0.4 KV ၊ 200 KVA ထရန်စဖော်မာတစ်လုံးအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရရန်ပုံငွေတွင် လည်းကောင်း ဘဏ္ဍာငွေထည့်သွင်းလျာထားပြီးတော့ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ဆင်ပေါင်ဝဲမြို့နယ်၊ ခနဲးမြောင်ကျေးရွာအနီးတွင် (၆၆/၁၁) ကေဗွီ (၅) အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်ခြင်းနှင့် (၆၆)ကေဗွီလိုင်း ၂၀ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါခင်ဗျား။ လျှပ်စစ်ဓာတ်အားခွဲရုံရရှိရေး မေးခွန်း မေးမြန်းသွားမယ့် မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှာ ကျေးရွာစုစုပေါင်း ၁၄၂ ရွာရှိပါတယ်။ အဲဒီအနက်မှ ကျေးရွာပေါင်း ၁၉ ရွာလောက်ဟာ လျှပ်စစ်မီး ရရှိပြီးဖြစ်ပါတယ်။ လျှပ်စစ်မီးအခြေအနေနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်မဲဆန္ဒနယ်ကို အုပ်စုသုံးစု ခွဲကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဧရာဝတီမြစ်ရဲ့အနောက်ဘက်ကမ်းမှာ ကျေးရွာအုပ်စုကိုးအုပ်စု ရှိပါတယ်။ အဲဒီကြားက ကျွန်တော်တို့ ရန်ကုန်-မန္တလေးကားလမ်းနှင့် ဧရာဝတီမြစ်ကြားကိုတော့ အလယ်ခြမ်း။ အလမ်းခြမ်းမှာ ကျေးရွာအုပ်စု ၁၇ စုနှင့် ရပ်ကွက်သုံးရပ်ကွက်ရှိပါတယ်။ အဲဒီအရှေ့ဘက်ခြမ်းမှာတော့ ကျေးရွာအုပ်စု ၂၀ လောက်ရှိပါတယ်။ ဒါပေမဲ့ အဲဒီကျေးရွာအုပ်စုတွေ ထဲမှာ ကျွန်တော်တို့ တောင်တွင်းကြီး-အောင်လံမဟာဓာတ်အားလိုင်းနှင့်နီးတဲ့ အလယ်ခြမ်းက ကျေးရွာ တွေပဲ လျှပ်စစ်မီးရရှိသေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုးပင်ကျေးရွာမှာ ခွဲရုံတစ်ရုံရှိပြီးတော့ အဲဒီကနေမှ ကျွန်တော်တို့ မြို့ပေါ်သုံးရပ်ကွက်ကိုလည်း လျှပ်စစ်မီးပေးနေရတဲ့ အနေအထားဖြစ်ပါ တယ်။ အခု ဝန်ကြီးဌာနအနေနဲ့ ဆက်လက်ဆောင်ရွက်မယ့် NEP စီမံချက်မှာဆိုရင်လည်း ကျွန်တော်တို့ အလယ်ခြမ်းကကျေးရွာတွေပဲ တော်တော်များများပါနေတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ တစ်ချိန်က မီးရဖို့အရေးကို စိတ်ကူးထဲတောင်မထည့်၊ အိမ်မက်ပမာဖြစ်ခဲ့တဲ့ မြစ်အနောက်ဘက်ကမ်းက ကျေးရွာတွေ အခုဆိုလို့ရှိရင် တိုင်းဒေသကြီး (၆) လ Mini Budget မှာ မင်းလှမြို့နယ်ကနေသွယ်တန်းမယ့် ၁၁ ကေဗွီလိုင်း ၂၂ မိုင်ခွဲ၊ ၃၃ ကေဗွီလိုင်း ၁ မိုင်ခွဲနှင့် လိုအပ်သော ထရန်စဖော်မာများ ဝယ်ယူခြင်းအတွက် သိန်း ၇၅၀၀ ကျော်ချပေးခဲ့တာကြောင့် ကျေးရွာအုပ်စု လေးအုပ်စုခန့် လျှပ်စစ်မီးရရှိတော့မှာဖြစ်တာကြောင့်မို့လို့ ဒေသခံတွေ အင်မတန်မှကို ဝမ်းသာ ကြည်နူးပြီးတော့ ပျော်မဆုံးဖြစ်နေခဲ့ရပါပြီ။ အဲဒီအတွက် အစိုးရကို ကျေးဇူးတင်ကြောင်း ဒီနေရာက နေပြီးတော့ ကြုံကြိုက်တုန်းပြောကြားလိုပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဆင်ပေါင်ဝဲမြို့နယ်ရဲ့ အရှေ့ဘက်ခြမ်းမှာ ကျေးရွာအုပ်စုများသလို လူဦးရေလည်း အင်မတန်မှကိုများပါတယ်။ ပင်မ မဟာ ဓာတ်အားလိုင်းနှင့်လည်း ဝေးကွာလှပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ မြစ်အနောက်ဘက် ခြမ်းက ကျေးရွာတွေတောင်မှ မီးလင်းပြီဆိုလို့ရှိရင် အရှေ့ဘက်ခြမ်းကကျေးရွာတွေကိုကော မီးမရနိုင် တော့ဘူးလားဆိုပြီးတော့ ကျွန်တော်တို့ကို မေးခွန်းထုတ်ကြပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ အရှေ့ဘက်ခြမ်းကကျေးရွာတွေဟာ မီးရရှိဖို့အတွက် အလှမ်းဝေးနေဆဲ၊ မျှော်လင့်နေဆဲ၊ စိတ်ကူးယဉ် နေဆဲဖြစ်ပါတယ်။ အဲဒီအရှေ့ဘက်ခြမ်းကကျေးရွာတွေ တော်တော်များများ ကျွန်တော်တို့ လျှပ်စစ်မီး

ရရှိဖို့ဆိုလို့ရှိရင် ဓာတ်အားခွဲရုံတစ်ခု လိုအပ်မှာဖြစ်ပြီးတော့ နယ်မြေတစ်ခုလုံးကိုလွှမ်းခြုံပြီးတော့ လျှပ်စစ်မီးပေးနိုင်ဖို့ဆိုလို့ရှိရင် ခနုံးမြောင်ကျေးရွာဟာ အချက်အချာကျတဲ့နေရာတစ်ခုဖြစ်နေသလို ခွဲရုံအတွက် လိုအပ်တဲ့မြေနေရာကိုလည်း ကျွန်တော်တို့ကျေးရွာက လှူဒါန်းပေးထားပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေ ကိုယ်တိုင်ကွင်းဆင်းလေ့လာခဲ့ပြီးဖြစ်ပါတယ်။ အဲဒီခနုံးမြောင်ကျေးရွာမှာသာ ခွဲရုံတည်ဆောက်ပြီးသွားမယ်ဆိုလို့ရှိရင် နောက်ပိုင်းမှာ ၁၁ ကေဗွီလိုင်းတွေထပ်ဆွဲပြီးပြီဆိုလို့ရှိရင် ကျွန်တော်တို့ အရှေ့ဘက်က ကျေးရွာတော်တော်များများ လျှပ်စစ်မီးရရှိတော့မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆင်ပေါင်ဝဲမြို့နယ် ခနုံးမြောင်ကျေးရွာအနီးမှာ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့် ၆၆ ကေဗွီလိုင်း ၂၀ မိုင်တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် တကယ်လို့အစီအစဉ်မရှိသေးပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို တိကျစွာသိရှိလိုပါ၍ ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းမေးမြန်းတဲ့ ဆင်ပေါင်ဝဲမြို့နယ်၊ ခနုံးမြောင်ကျေးရွာအနီး ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့် ၆၆ ကေဗွီမိုင် ၂၀ တည်ဆောက်ခြင်းလုပ်ငန်းအား လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြန်လည်ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ခနုံးမြောင်ကျေးရွာအနီးမှာ ကျေးရွာပေါင်း ၂၀ ကျော်ရှိပါတယ်။ အိမ်ထောင်စုပေါင်း ၃၂၀၀ ခန့် ကျွန်တော်တို့ နေထိုင်ကြပါတယ်။ ၎င်းပြည်သူတွေကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကိုးပင်ဓာတ်အားခွဲရုံကနေပြီးတော့ ခနုံးမြောင်ကျေးရွာအထိ ၆၆ ကေဗွီဓာတ်အားလိုင်း ၂၂ မိုင်တည်ဆောက်ပြီးတော့ ခနုံးမြောင်ကျေးရွာမှာဆိုရင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံအသစ်တစ်ရုံတည်ဆောက်ရမည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောရန်ပုံငွေအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးသွားမှာဖြစ်ပါတယ်။ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို ၁၅ မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊၁၁း၄၇။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံအတွင်းရှိပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးဝင်ပတ်သက် သူများအားလုံးသည် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကိုအသုံးပြုပြီး ဌာနဆိုင်ရာများ၏ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့(၁၆-၅-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံအတွင်းရှိပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးဝင်ပတ်သက်သူများအားလုံးသည် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကို အသုံးပြုပြီး ဌာနဆိုင်ရာများ၏ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ငါးဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရန်ကင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် ဖြစ်ပါတယ်။ ဦးစိုင်းဦးခမ်း တင်သွင်းသွားတဲ့အဆိုအပေါ်မှာ အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ကတော့ Mobile Payment ဒါမှမဟုတ်လည်း Digital Financial Services လို့ပြောတဲ့ ဝန်ဆောင်မှုလုပ်ငန်းရဲ့အကျိုးစီးပွားတွေ၊ ဖြစ်နိုင်တဲ့အကျိုးကျေးဇူးတွေအပေါ်မှာ အဓိကအခြေခံပြီးတော့ ဆွေးနွေးသွားတာ တွေ့ရပါတယ်။ ဒီ Mobile Payment ကို အသုံးပြုခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းအသစ်တွေ ဖန်တီးပေးနိုင်မယ်။ စီးပွားရေးလုပ်ငန်းအသစ်တွေကိုလည်း ဖန်တီးနိုင်မယ်။ လူမှုစီးပွားဘဝတွေလည်း တိုးတက်လာနိုင်

မယ်။ နောက်ပြီးတော့ ဆင်းရဲမွဲတေမှုတွေကိုလည်း လျှော့ချနိုင်မယ်။ နောက်ပြီးတော့ အဂတိလိုက်စားမှုတွေကိုလည်း လျှော့ချနိုင်မယ်ဆိုပြီးတော့ ဒီ Mobile Payment ရဲ့ကောင်းတဲ့ဘက်အခြမ်းကနေပြီးတော့ အများကြီးဆွေးနွေးသွားတာကို တွေ့ရပါတယ်။ တကယ်လည်း ဟုတ်ပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်မတို့တိုင်းပြည်မှာ ဒီ Mobile Payment ကို သုံးနိုင်ဖို့လို့ အခြေခံလိုအပ်ချက်တွေနဲ့ကော ပြည့်စုံနေပြီလားလို့ ပြန်ကြည့်လိုက်တဲ့အခါမှာ အဆိုရှင်ကိုယ်တိုင်လည်း ဆွေးနွေးသွားတာရှိပါတယ်။ ကျွန်မတို့ဆီမှာ Mobile Phone သုံးတဲ့သူအရေအတွက်ပိုပြီးတော့များလာတာတွေရှိတယ်။ နောက်တစ်ခုကတော့ မြန်မာနိုင်ငံဟာ ဝင်ငွေနည်းတဲ့တိုင်းပြည်ဖြစ်သော်ငြားလည်းပဲ ဝင်ငွေနည်းတဲ့ မိသားစုတွေသည်ပင်လျှင် ဒီ Mobile Phone၊ Smart Phone တွေကို အသုံးပြုလာကြတဲ့အတွက် ကြောင့်မို့လို့ ဒီ Digital ငွေကြေးဝန်ဆောင်မှုလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံတဲ့နေရာမှာ တီထွင်ဆန်းသစ်မှုတွေနဲ့ လက်တွေ့ဖြစ်နိုင်ချေတွေအတွက်ကို အခြေအနေကောင်းတစ်ခုကို ပိုင်ဆိုင်ထားတယ်ဆိုပြီးတော့လည်း ကိန်းဂဏန်းတွေက ဖော်ပြထားတာရှိပါတယ်။ အဆိုရှင်ကလည်း အဲဒါကိုပဲ ထောက်ပြပြီးတော့ ဆွေးနွေးသွားတာရှိပါတယ်။ အဲဒါကြောင့် အချက်အလက်တွေကို ပြန်ကြည့်တဲ့အခါ ၂၀၁၂ ခုနှစ်လောက်မှာ မြန်မာနိုင်ငံဟာ ကမ္ဘာ့မိုဘိုင်းဖုန်းထိုးဖောက်နိုင်မှုနိုင်ငံတွေထဲမှာ အနည်းဆုံးနိုင်ငံဖြစ်ခဲ့ပေမဲ့လည်း လေးနှစ်နှင့် ငါးနှစ်အတွင်းမှာ ဒီမိုဘိုင်းဖုန်းနည်းပညာပျံ့နှံ့မှုဟာ လျှင်လျှင်မြန်မြန်နဲ့ သိသိသာသာတိုးတက်လာတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို Power Point နှင့်ရှင်းလင်းဆွေးနွေးဖို့ခွင့်ပန်ကြားအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ Census ကိုကြည့်မယ်ဆိုလို့ရှိရင်လည်း အသက်အရွယ်အပိုင်းအခြားအနေအထားတွေအရ ကြည့်မယ်ဆိုလို့ရှိရင် အရွယ်ရောက်ပြီးနိုင်ငံသားတွေရဲ့တစ်ဝက်လောက်က Smart Phone အသုံးပြုနေကြပြီးလို့ Research တစ်ခုကနေဆိုပါတယ်။ ဒါကတော့ Census အခြေခံပါ။ ၂၀၁၄ ခုနှစ်မှာ ၅၁ မီလီယံလောက်ပဲရှိပေမဲ့ ၂၀၁၆ ခုနှစ်မှာတော့ လူဦးရေတိုးနှုန်း မြင့်လာတာ ရှိပါတယ်။ မှန်းဆချက်ပါ။ ဒီဆင်းကတ်အများဆုံးသုံးတဲ့အရေအတွက်က တစ်ဦးကို ဆင်းကတ်သုံးကတ်၊ လေးကတ်လောက်သုံးတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့လည်း ကိန်းဂဏန်းတွေအရတော့ ဆင်းကတ်အရေအတွက်ဟာ ၅၁ မီလီယံလောက်အထိ ရောက်နေပြီလို့ Research တစ်ခုကဆိုပါတယ်။ ဒီဇင်ဘာလ ၂၀၁၆ ခုနှစ်မှာ ဆိုထားတာပါ။ အခုဟာဆိုလို့ရှိရင် My Tel လည်း ရောက်လာပါပြီ။ ဒီမိုဘိုင်းဝန်ဆောင်မှုပေးနေတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေက သုံးခုလည်းမဟုတ်တော့ပါဘူး။ ဒီထက်များဖို့ပဲရှိပါတော့တယ်ပေါ့နော်။ အဲဒီအခြေအနေကို ကြည့်ခြင်းအားဖြင့် Smart ဖုန်းတွေရဲ့ ဈေးကလည်း သက်သာလာတယ်။ သက်လာတဲ့အပြင်ကို ဘဏ်တွေ၊ သာမန်(Formal)ပေါ့နော်။ ဘဏ်လုပ်ငန်းတွေမရောက်ဘူး။ ATM ကတ်တွေမရောက်ဘူး။ ဒီစက်တွေမရောက်တဲ့ကျေးလက်တွေကိုတောင်မှ ဒီမိုဘိုင်းဖုန်းတွေရဲ့ ထိုးဖောက်နိုင်တာကို တွေ့ရတယ်။ နောက်တစ်ချက်က ဘာလဲဆိုရင် Population Ratio ပါ။ အဲဒီတော့ မိုဘိုင်းဖုန်းသုံးတဲ့အရေအတွက်၊ ကျား/မအချိုး၊ နောက်ပြီးတော့ ကျေးလက်နှင့်မြို့ပြမှာ သုံးနေတဲ့ အရေအတွက်အချိုးတွေကို ကြည့်လိုက်တဲ့အခါကျလို့ရှိရင်လည်း အသက် ၁၅ နှစ်နှင့် ၆၅ နှစ်ကြားမှာရှိတဲ့ လူဦးရေအရေအတွက်မှာ ပိုင်ဆိုင်မှုနှုန်းမှာ မြို့ပြမှာနှင့် ကျေးလက်ရဲ့မိုဘိုင်းဖုန်းပိုင်ဆိုင်မှုနှုန်းဟာ မကွာခြားတော့တာကို တွေ့ရပါတယ်။ ကျေးလက်ကို

တောင်မှ မိုဘိုင်းဖုန်းတွေ ပိုရောက်နေတဲ့ အနေအထားမျိုးတွေ့ရပါတယ်။ နောက်တစ်ခုက ဘာလဲဆို လို့ရှိရင် အမျိုးသမီးနှင့် အမျိုးသား မိုဘိုင်းဖုန်းပိုင်ဆိုင်မှုအချိုးအစားတွေပါ။ ၂၀၁၅ ခုနှစ်မှာ မိုဘိုင်းဖုန်းသုံးတဲ့သူရဲ့ ၃၃ ရာခိုင်နှုန်းသောအမျိုးသမီးတွေကသာလျှင် ဒီမိုဘိုင်းဖုန်းကို သုံးစွဲနိုင်ပြီး တော့ အခု ၂၀၁၆ ခုနှစ်မှာ ၅၂ ရာခိုင်နှုန်းအထိ ဖြစ်လာတယ်။ တကယ့်တကယ် Bank Account ဖွင့်မှုနှုန်းကို ပြန်ကြည့်လိုက်တဲ့အခါကျတော့ အမျိုးသမီးပမာဏရဲ့ ၀.၀၁ ရာခိုင်နှုန်းကသာလျှင် ဒီ ချေးငွေတွေရရှိနေတဲ့ Bank Account တွေကို သုံးနိုင်တာ ဖြစ်တယ်။

ဒါပေမဲ့ တကယ်လို့များ ကျွန်မတို့က Mobile Services ကို သုံးမယ်ဆိုလို့ရှိရင် အမျိုးသမီးတွေ ရဲ့ Financial Services ကိုလည်း ပိုပြီးတော့ရနိုင်မယ်။ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေကို အမျိုးသမီးတွေက ပိုပြီးတော့ သုံးနိုင်မယ်။ အမျိုးသမီးအများစုလုပ်ကိုင်နေကြတဲ့ အသေးစားနှင့် အလတ်စားဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်မှာကို တွေ့ရပါ တယ်။ ဒါကြောင့်မို့လို့ ဒီအချက်အလက်တွေကို ကြည့်ခြင်းအားဖြင့် တကယ်လို့ Mobile Payment ကို လုပ်မယ်။ Mobile financial Services တွေကို လုပ်မယ်ဆိုလို့ရှိရင် သက်ရောက်မှုရှိနိုင်တဲ့ ကျေးလက်ဒေသတွေ၊ နောက်ပြီးတော့ အမျိုးသမီးတွေအပေါ်မှာ သက်ရောက်မှုတွေပိုပြီးတော့ ကောင်းမွန်တဲ့သက်ရောက်မှုတွေရှိလာနိုင်ပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်မတို့က အားနည်းချက်တွေက ဘာရှိမလဲ။ ဒီအခြေအနေရဲ့၊ ဒီအကျိုးအမြတ်တွေကို ရရှိခံစားနိုင်ဖို့ဆိုလို့ရှိရင်၊ ဘာရှိလဲဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ ဆက်သွယ်ရေးကဏ္ဍမှာ တိုးချဲ့မှုတွေရှိပေမဲ့လည်း အမျိုးသမီးတွေ ကိုယ်၌ကိုယ်က Digital Literacy အားနည်းနေတာ၊ ကျေးလက်ဒေသတွေမှာ။ အခုကျွန်မတို့ဒီထဲမှာကိုမှ လက်ထဲမှာ Smart Phone ကိုင်ထားပြီးတော့ အဲဒီ Smart Phone ကို ပြည့်ပြည့်ဝဝ ၁၀၀ ရာခိုင်နှုန်း အသုံးချ နိုင်ပြီလားဆိုတော့ ကျွန်မတို့ကိုယ်ကျွန်မတို့ ပြန်ပြီးတော့ လေ့လာရင်သိနိုင်ပါတယ်။ ဖုန်းပြောတာနဲ့ Text Massage ပို့တာလောက်ပဲ ရှိနေနိုင်ပြီးတော့ မိုဘိုင်းဖုန်းကပေးထားတဲ့ Service တွေကို အပြည့်မသုံးနိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ Digital Literacy လို့ပြောတဲ့ မိုဘိုင်းတတ်မြောက်မှု နှုန်းတွေကို ကျွန်မတို့ကျယ်ကျယ်ပြန့်ပြန့်လုပ်ဖို့လို့လိုပါတယ်။ နောက်တစ်ခု သုံးတဲ့အခါမှာ ဒီမိုဘိုင်း အတွက် လိုအပ်တဲ့ Digital Security ပါ။ လုံခြုံမှုနှင့်ပတ်သက်လို့လည်း အာမခံနိုင်ဖို့လို့ ဥပဒေတွေနဲ့ ပြဌာန်းပေးဖို့လို့ လိုပါတယ်။ ဒါကတော့ အခြေခံလိုအပ်ချက်တွေပါ။ အဲဒါကိုသာ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်မယ်ဆိုလို့ရှိရင် ဗဟိုဘဏ်ကနေပြီးတော့လည်း မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း တွေနဲ့ပတ်သက်တဲ့ စည်းမျဉ်းနဲ့ ဒီဟာကိုခွင့်ပြုပြီးသားဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာရင်းနှီး မြှုပ်နှံသူတွေကလည်း အသိအမှတ်ပြုပြီးတော့ တော်တော်များများ Research တွေမှာ ကိုးကားထား တာဖြစ်ပါတယ်။ အဲဒီစည်းမျဉ်းစည်းကမ်းရှိနေပေမဲ့လည်း တော်တော်များများသိကြသေးရဲ့လား။ ဒီအပေါ်မှာ အသုံးချရဲ့လားဆိုတာတော့ ကျွန်မတို့ပညာပေးမှုအပိုင်းမှာ၊ ပြည်သူလူထုအပေါ်မှာ Outreach ဖြစ်အောင် Media တွေနဲ့ ပြောကြားမှုအပိုင်းမှာတော့ နောက်ကျနေသေးတယ်လို့ ထင်ပါတယ်။ ဒီအခြေခံအချက်အလက်တွေတော့ ပြည့်စုံနေပြီဖြစ်တယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကိုယ်၌ကလည်း မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းတွေကို စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ၂၀၁၆ ခုနှစ်ကတည်းက ခွင့်ပြုထားပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီအချိန်ကနေသာ အရှိန်အဟုန်

မြင့်ပြီးတော့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်မတို့ ကျေးလက်ရော၊ မြို့ပြရော၊ အမျိုးသား/အမျိုးသမီး တွေရော ဒီဝန်ဆောင်မှုတွေရဲ့ကောင်းမွန်တဲ့အကျိုးအမြတ်တွေကို သေသေချာချာ၊ ထိထိရောက်ရောက် ခံစားနိုင်မှာဖြစ်တဲ့အကြောင်း ဆွေးနွေးရင်းနဲ့နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးလိုတာကတော့ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း တင်သွင်းတဲ့မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့်အကျုံးဝင်ပတ်သက်သူများ အားလုံးသည် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကို အသုံးပြုပြီး ဌာန ဆိုင်ရာများ၏ ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း ကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Mobile Payment ဆိုသည်မှာ မိမိကိုင်ဆောင်ထားတဲ့ လက်ကိုင်ဖုန်းကို အသုံးပြု၍ ငွေပေးချေခြင်း၊ ငွေလက်ခံယူခြင်းပြုလုပ်သည့်စနစ်ဖြစ်ပါတယ်။ ယခုအခါ မြန်မာနိုင်ငံမှာ မိုဘိုင်းဆင်းကတ်များကို မြို့ရွာများတွင်သာမက ကျေးလက်များအပါအဝင် တွင်တွင်ကျယ်ကျယ် သုံးစွဲလာသည်ကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ နေရာမရွေး၊ ဒေသမရွေး၊ အချိန်အခါမရွေး အွန်လိုင်းမှတစ်ဆင့် ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များ ရယူနိုင်တော့မည် ဖြစ်ပါတယ်။ မြန်မာနိုင်ငံဗဟိုဘဏ်၏ ၃၀-၃-၂၀၁၆ ရက်စွဲပါ ငွေရေးကြေးရေး ဥပဒေ/စည်းမျဉ်း/၀၁/၀၃-၂၀၁၆ ဖြင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာစည်းမျဉ်း ကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီစည်းမျဉ်းဟာ ၂၀၁၆ ခုနှစ်ကတည်းက ထုတ်ထားတာပါ။ အဲဒါလိုက်နာဖို့ လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Digital Financial Service ဖြစ်သော မိုဘိုင်းမှ ငွေပေးချေသည့် စနစ်သည် ဒီဂျစ်တယ်စီးပွားရေးတည်ဆောက်ရန်နှင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးအတွက် အဓိက ကျသည့် အခြေခံလိုအပ်ချက်တစ်ခုလည်း ဖြစ်ပါတယ်။ ဒီဂျစ်တယ်ဘဏ္ဍာရေးဝန်ဆောင်မှုများ သုံးစွဲ ခြင်းကြောင့် ကမ္ဘာတစ်ဝန်းနိုင်ငံများသည် Less Cash Society မှတစ်ဆင့် Cash Less Society သို့ ပြောင်းလဲအသုံးပြုလျက်ရှိကြပါတယ်။ မြန်မာနိုင်ငံဟာ၂၀၁၇ ခုနှစ် Visa မှ ကောက်ယူသည့်စစ်တမ်း အရ ငွေပေးချေမှုများ ၀.၅ ရာခိုင်နှုန်းသည် Digital Financial Transition ကိုအသုံးပြုနေပြီး ယခု ထက်များစွာ တွင်တွင်ကျယ်ကျယ်သုံးစွဲရန် လိုအပ်ပါတယ်။ Digital Financial Service ကောင်းစွာ မဖွံ့ဖြိုးရင် အနာဂတ် ဒီဂျစ်တယ်လူ့အဖွဲ့အစည်းသည် ပီပြင်လာမှာ မဟုတ်ပါဘူး။ ငွေစက္ကူသုံးစွဲသည့် စနစ်မှ ဒီဂျစ်တယ်ဘဏ္ဍာရေးဝန်ဆောင်မှုများကို အောင်မြင်စွာပြောင်းလဲနိုင်လျှင် ပြည်သူများ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရအဖွဲ့အစည်းများအတွက် ကြီးမားသောကောင်းကျိုးကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ ယခုအခါ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက သုံးစွဲနေသည်လို့ ကြားသိနေရပါတယ်။ နိုင်ငံ ပေါင်း ၈၀ ရှိပြီး မြို့ကြီး ၁၀၀ ကို စစ်တမ်းကောက်ယူခဲ့ရာမှာ ဒီဂျစ်တယ်ငွေပေးချေမှုကို အသုံးပြုခြင်း

ကြောင့် တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ၄၇၀ ဘီလီယံခန့် တိုက်ရိုက်အကျိုးဖြစ်ထွန်းလျက်ရှိပြီး အဆိုပါပမာဏသည် အဆိုပါမြို့များ၏ GDP ၏ ၃၃ ရာခိုင်နှုန်း ကိုယ်စားပြုဖြစ်ပါတယ်။ ပြည်သူများ အန္တရာယ်ကင်းစွာအသုံးပြုနိုင်ရန်နှင့် ဒီဂျစ်တယ်ဘဏ္ဍာရေးဝန်ဆောင်မှုများကို ပိုမိုနားလည် သဘောပေါက်စေရန်၊ ယုံကြည်မှုရရှိစေရန်၊ ဒီဂျစ်တယ်ဘဏ္ဍာရေးဝန်ဆောင်မှုနှင့်ပတ်သက်သည့် အခြေခံအသိပညာများကို ပြည်သူများအတွင်းသို့ ရောက်ရှိလာအောင် ဖြန့်ဝေပညာပေးရန် လိုအပ်ပါ တယ်။ ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ဗဟိုဘဏ်မှ ခွင့်ပြုထားသော ကုမ္ပဏီသုံးခုရှိပါတယ်။ Telenor နှင့် ရိုးမဘဏ်၊ Ooredoo နှင့် CBဘဏ်၊ OK Dollar နှင့် ပြည်တွင်းမိတ်ဖက်ဘဏ်များ ဖြစ်ပါ တယ်။ နောင်တွင် Mobile Payment များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကုမ္ပဏီတစ်ခုနှင့်တစ်ခု ချိတ်ဆက် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရမှ တွန်းအားပေးဆောင်ရွက်သင့်ပါတယ်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရန် လမ်း၊ တံတားများ၊ လျှပ်စစ်မီးတိုင်များ၊ ဆေးရုံများ ပြုပြင်မွမ်းမံ၊ အသစ် တည်ဆောက်နေဆဲကာလများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိလာအောင် စောင့်ဆိုင်းရန်မလိုအပ်ဘဲ IT နှင့် မိုဘိုင်းနည်းပညာများကိုအသုံးပြု၍ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ အထွေထွေဗဟုသုတ၊ ငွေကြေးဝန်ဆောင်မှုကဏ္ဍများကို ခေတ်မီအဆင့်သို့ရောက်အောင် ခုန်ပျံ့ကျော်လွှားမြှင့်တင် နိုင်မည် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် IT နည်းပညာဖြစ်သည့် Mobile Payment ကို ကျယ်ပြန့်စွာအသုံးပြုလာခြင်းဖြင့် ပြည်သူများအတွက် အဘက်ဘက်မှ အဆင်ပြေတိုးတက်လာမည် ဖြစ်သဖြင့် သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က စမ်းချောင်း မဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ဖြစ်ပါတယ်။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံ အတွင်းရှိပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးဝင်ပတ်သက်သူများအားလုံးသည် ငွေရေး ကြေးရေးဝန်ဆောင်မှုလုပ်ငန်း(Mobile Payment)စနစ်ကိုအသုံးပြုပြီး ဌာနများ၏ ငွေပေးငွေယူ ကဏ္ဍများတွင်အသုံးပြုခွင့်ရရန် တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင် ရဲ့အဆိုနဲ့ ရှင်းလင်းချက်များကို လေ့လာကြည့်မိတဲ့အခါမှာ အဆိုရှင်ရဲ့ရည်ရွယ်ချက်ဟာ အဓိပ္ပာယ် ပြည့်စုံစွာနဲ့ဖော်ပြခဲ့တာကို တွေ့ရပါတယ်။ ICT နည်းပညာကိုအသုံးပြုပြီးတော့ စီးပွားရေးမြန်ဆန် ချောမွေ့စွာလည်ပတ်စေရေး၊ မြို့နှင့် ကျေးလက်နေပြည်သူများ ဈေးကွက်အတွင်း ကွာခြားမှုမရှိစေ ရေး၊ စာရွက်စာတမ်းအသုံးပြုရမှုလျှော့ချနိုင်ရေး၊ E-Government စနစ်အတွက် အထောက်အကူ ဖြစ်စေရေး၊ ကောင်းမွန်သောအုပ်ချုပ်မှုနဲ့ သန့်ရှင်းသောအစိုးရအုပ်ချုပ်ရေး၊ ဖြစ်ထွန်းစေရေးအစရှိ သော ရည်ရွယ်ချက်ကောင်းများပါဝင်ခဲ့တာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုမှာ အဓိကတိုက်တွန်းချက်က Mobile Payment စနစ်ကိုအသုံးပြုပြီး ဌာနဆိုင်ရာများ၏ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ပြုရန် ဆိုသည့်အချက်ဖြစ်ပါတယ်။ ဌာနဆိုင်ရာများအတွင်း Digital နည်းပညာနဲ့လုပ်ငန်းများလည်ပတ်

နေမှုကို မည်မျှလုပ်ဆောင်နိုင်မည်လဲဟု မေးခွန်းထုတ်လိုပါတယ်။ ဒေတာအခြေခံအဖြေရှာမှုနှုန်းမှာ လွန်စွာမှနည်းပါးနေပါသေးတယ်။ E-Government လုပ်ငန်းစဉ်ကြီးကို ပျိုးထောင်နေစဉ်ကာလ အတွင်းမှာ အချိန်တစ်ခုမပေးဘဲ ဖိအားပေးအကောင်အထည်ဖော်ခိုင်းသလိုဖြစ်နေမှာကိုလည်း စိုးရိမ်မိပါတယ်။ သမားရိုးကျလည်ပတ်နေတဲ့စနစ်များမှာပင် ဌာနဆိုင်ရာများရဲ့ချိတ်ဆက်မှုဟာ အလွန်ပင် အားနည်းနေလျက်ရှိပါသေးတယ်။ ဒီနေရာမှာ ဥပမာတစ်ခုကို နီးကပ်စွာပြပါဆိုလျှင် လွှတ်တော်ကိုယ်စားလှယ်များ၏ လစဉ်ချီးမြှင့်ငွေကို လွှတ်တော်ကိုယ်စားလှယ်များ၏ဘဏ် Account ထဲကို ထည့်သွင်းပေးတဲ့နေရာမှာ မြန်မာ့စီးပွားရေးဘဏ်တစ်ခုတည်းကိုသာဖွင့်လှစ်ထားတဲ့ Account ဖြစ်ရမယ်ဆိုပြီးတော့ သတ်မှတ်ချက်ဖြစ်နေပါတယ်။ အခြားပုဂ္ဂလိကဘဏ်များမှာလည်း ဖွင့်လှစ်ထားတဲ့ Account တွေကို လွှဲပြောင်းပေးခွင့်မရသေးပါဘူး။ အခြားချိတ်ဆက်မှုအားနည်းချက်အချို့ကို ဆက်လက်ဆွေးနွေးတင်ပြလိုပါသေးတယ်။ ဘဏ်များအားလုံး ထီးရိပ်တစ်ခုအောက်မှာ သဘောထား တစ်ခုတည်းနှင့်အညီ ချိတ်ဆက်မှုအပြည့်အဝမရှိသေးပါဘူး။ ဒီနေရာမှာလည်း ATM ကတ်တွေထုတ်တဲ့နေရာမှာ ဘဏ်အချင်းချင်းချိတ်ဆက်မှုအားနည်းနေတာကို ကျွန်တော်တို့ တွေ့ရှိနေရဆဲပဲဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်မှာ E-Government အပါအဝင် ICT နည်းပညာသုံး Mobile Payment ငွေပေးချေမှုဝန်ဆောင်မှုများဟာ လူမှုစီးပွားဘဝနဲ့ ငွေကြေးဝန်ဆောင်မှုကဏ္ဍများအတွက် အားသာချက်တွေရှိသလို တစ်ဆင့်ချင်းအခြေခံလိုအပ်ချက်များကို လုပ်သွားရမယ်ဆိုတာကိုလည်း မမေ့လျော့ဖို့လိုပါတယ်။ Mobile Banking၊ Mobile Payment၊ Mobile Wallet အစရှိတဲ့ဝေါဟာရတွေအကြားမှာလည်း ရှင်းလင်းတိကျတဲ့အဓိပ္ပာယ်သတ်မှတ်ချက်တွေ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ လိုအပ်မှာဖြစ်သလို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှကြီးကြပ်ဆောင်ရွက်နိုင်တဲ့နည်းပညာဌာနကြီးတစ်ခု အသင့်ဖြစ်နေဖို့လည်း လိုအပ်ပါတယ်။ Mobile ငွေပေးချေမှုစနစ်များကြားမှာ ချိတ်ဆက်မှုအားကောင်းကောင်းနဲ့ပိုမိုကျယ်ပြန့်တဲ့ငွေပေးချေမှုကွန်ရက်တစ်ခုတည်ဆောက်ထားနိုင်ဖို့လည်း လိုပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုအတွက် အခြေခံအဆောက်အအုံများ လိုအပ်လျက်ရှိပါသေးတယ်။ အခြေခံအဆောက်အအုံများကို မြှင့်တင်တိုးချဲ့ခြင်းနှင့်အတူ E-Government ပေါ်ထွန်းရေးအတွက် ဖော်ဆောင်စေတဲ့လုပ်ငန်းစဉ်အပေါ်မှာ အဆိုရှင်ရဲ့အဆိုဟာ တစ်ချိန်မှာ ပြည့်ဝလာမှာဖြစ်ပါတယ်။ ဒါကြောင့် အခုအချိန်မှာတော့ မှတ်တမ်းအဖြစ်သာထားရှိသင့်ပါကြောင်း အကြံပြုဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအုန်းခင်(ပုလောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင် ဖြစ်ပါတယ်။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အခြေခံအဆောက်အအုံတွေ များစွာလိုပါတယ်။ အဲဒီထဲမှာဝန်ဆောင်မှုတွေလည်းပါပါတယ်။

ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ ပို့ဆောင်ရေးဝန်ဆောင်မှု အစရှိသဖြင့် ပါပါတယ်။ အဲဒီထဲမှာ ငွေကြေးဝန်ဆောင်မှုလည်း တစ်ခုပါဝင်တာဖြစ်ပါတယ်။ ဝန်ဆောင်မှုအမျိုးအမည်များတာလည်း ကောင်းပါတယ်။ အဲဒီဝန်ဆောင်မှုတွေကလည်း ဈေးနှုန်းလည်းသက်သာမယ်ဆိုလျှင် ပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ အဲဒီလိုဝန်ဆောင်မှုတွေမှာလည်းပဲ ဆက်သွယ်ရေးဝန်ဆောင်မှုနဲ့ ငွေကြေးဝန်ဆောင်မှုပေါင်းလိုက်မယ်ဆိုလျှင် Mobile ငွေကြေးဝန်ဆောင်မှုဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ငွေကြေးဝန်ဆောင်မှုကို ၂၀၁၇ ခုနှစ်လောက်ကစပြီးတော့ ကိုယ်စားလှယ်နဲ့ လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံမှာရှိတဲ့လူဦးရေနဲ့စာမယ်ဆိုလို့ ရှိလျှင် ဖုန်းအလုံးရေက လူဦးရေထက် ပိုနေပြီလည်းဖြစ်ပါတယ်။ နောက်ပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ မြို့ပေါင်း ၂၈၀ ကျော်မှာလည်းပဲ Smart Phone တွေသုံးစွဲနေကြပြီဖြစ်ပါတယ်။ ငွေကြေးဝန်ဆောင်မှု ပေးတဲ့ ကိုယ်စားလှယ်တွေကလည်းပဲ မြန်မာတစ်နိုင်ငံလုံးမှာဆိုလျှင် ၂၄၀၀၀ လောက်ရှိနေပြီဖြစ်ပါ တယ်။ နောက်တစ်ခု မြန်မာနိုင်ငံမှာလည်းပဲ ATM စက်တွေနဲ့သုံးတဲ့လူဦးရေက နည်းနေပါတယ်။ ငွေထုတ်တဲ့စက်ကိုလည်းပဲ တောနယ်ကျေးလက်တွေရောက်အောင် မလုပ်နိုင်သေးပါဘူး။ ဒီလိုအခြေအနေမျိုးမှာအခုလိုမျိုး Mobile Payment နဲ့ဖြတ်ကျော်သွားမယ်ဆိုလို့ရှိလျှင် ကောင်းတဲ့အခြေအနေတစ်ခုရောက်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုလျှင် ပြည်တွင်းဖုန်းအော်ပရေတာတွေက တစ်ခုကနေတစ်ခု အလွယ်တကူခေါ်လို့ရနေပါတယ်။ အဲဒီနေရာမှာတစ်ခုရှိတာက ဘဏ်တစ်ခုနဲ့တစ်ခု လွယ်လင့်တကူချိတ်ဆက်ပြီးတော့ ငွေလွှဲပေးနိုင်ဖို့ပဲလိုပါတယ်။ ဘဏ်တစ်ခုနဲ့တစ်ခု လွယ်လွယ်ကူကူ ငွေလွှဲနိုင်မယ်၊ ဖုန်းတစ်ခုနဲ့တစ်ခုလွယ်လွယ်ကူကူစကားပြောလို့ရသလို လုပ်နိုင်မယ်ဆိုလို့ရှိလျှင် ဒါဟာ တော်တော်လေးအောင်မြင်ဖို့ နီးစပ်မှာဖြစ်ပါတယ်။ ဒီလိုမျိုး Mobile Payment ကိစ္စကို ကျွန်တော်တို့ မြန်မာပြည်ကသာ အခုမှစိတ်ကူးနေပေမဲ့ အိမ်နီးနားချင်းနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း အစရှိသဖြင့်နိုင်ငံတွေအပြင် တော်တော်များများနိုင်ငံတွေ ပြုတ်စဗျင်းတောင်း ခေတ်မမီဘူးလို့ဆိုနေကြတဲ့ အာဖရိက Kenya တို့၊ Tanzania တို့တောင်မှ အဲဒီလုပ်ငန်းတွေက အောင်မြင်နေပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့လည်းပဲ ဒါကို သိပ်အချိန်မဆွဲဘဲနဲ့ ခပ်မြန်မြန်လေးလုပ်နိုင်လျှင်တော့ နိုင်ငံတော်အတွက် ပိုကောင်းတဲ့ အခြေအနေလေးတစ်ခုရမယ်လို့ ကျွန်တော်တို့က ယူဆပါတယ်။ ဒါဖြင့်ဆိုရင် လုပ်ငန်းတစ်ခုလုပ်မယ်ဆိုလျှင် လိုအပ်ချက်တွေရောမရှိဘူးလား ရှိပါတယ်။ ကျွမ်းကျင်မှုလိုအပ်ချက်တွေ၊ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်တွေ၊ နောက်တစ်ခုက သူတစ်ခုတည်းလုပ်လို့မရလို့ ကျန်တဲ့အဖွဲ့အစည်းနဲ့လုပ်ရတဲ့အတွက်ကြောင့် ပူးပေါင်းဆောင်ရွက်မှုတွေလိုပါတယ်။ အဲဒီနေရာမှာ ကျွမ်းကျင်မှုဆိုတာကတော့ ကျွန်တော်တို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ကျွမ်းကျင်မှု၊ နောက်တစ်ခုက ပြည်သူပြည်သားတွေရဲ့ ဖုန်းကိုင်တွယ်သုံးစွဲပြီးတော့ ဆက်သွယ်တဲ့နေရာမှာကျွမ်းကျင်မှုတွေတော့ လိုတော့လိုဦးမှာပါ။ ဒါပေမဲ့ အဲဒီလိုဦးမယ်ဆိုပေမဲ့ ကျွန်တော်တို့နိုင်ငံသူနိုင်ငံသားတွေကလည်း အဲဒီလောက်ထိအညံ့ကြီးတော့မဟုတ်ပါဘူး။ ဒီလိုလုပ်ရင်းနဲ့ပဲ မုဆိုးစိုင်သင်နဲ့ ကျွန်တော်တို့ သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် အားလုံးသောအဖွဲ့အစည်းတွေရော၊ ပြည်သူတွေကရော၊ အဲဒီလိုပဲ လေ့လာစူးစမ်းပြီးတော့ သင်ယူသွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ရင်းနှီးမြှုပ်နှံမှု၊ ရင်းနှီးမြှုပ်နှံမှုဆိုတဲ့နေရာမှာလည်း သုံးမျိုးရှိပါတယ်။ ရုပ်ဝတ္ထုပစ္စည်းရင်းနှီးမြှုပ်နှံမှု၊ နောက်တစ်ခုက လူသားမှာဆိုင်တဲ့ရင်းနှီးမြှုပ်နှံမှု။ တချို့ရုပ်ဝတ္ထုပစ္စည်းကျတော့ ကျွန်တော်တို့နိုင်ငံမှာ ဖုန်းအော်ပရေတာ လက်ရှိသုံးခုရှိပါတယ်။ နောက်တစ်ခုကလည်း ထပ်ပြီးတော့ ထွက်လာပါပြီ။ အဲဒီတော့ သူတို့မှာ Ooredoo ကလည်းပဲ My Money ဆိုပြီးလုပ်နေပါပြီ။ Telenor ကလည်းပဲ Wave money ဆိုပြီးလုပ်နေပါပြီ။ ထိုနည်းတူပဲ MPT ကလည်း MPT Money ဆိုပြီးလုပ်လာပါတယ်။ Mytel ကလည်း My money ဆိုပြီးထွက်လာမှာပါ။ ဒီ့ပြင်ကုမ္ပဏီတစ်ခုကလည်း OK Dollor ဆိုပြီးထွက်နေပါတယ်။ ဒါတွေဟာ သူတို့ရဲ့လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်နေ ပါတယ်။ ကျွန်တော်တို့နိုင်ငံသူနိုင်ငံသားတွေနဲ့က အသိပညာရင်းနှီးမြှုပ်နှံမှုတွေ ထည့်လိုက်မယ်ဆိုလျှင် ဒါကအဆင်ချောပြီးသားပါ။ ပူးပေါင်းဆောင်ရွက်မှုဆိုတာ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ သူတို့ရဲ့ Mindset လေးတွေပြောင်းလိုက်လျှင် ဒါက အဆင်ပြေသွားမှာပါ။ ဒါကြောင့်လည်းပဲ ကျွန်တော် တို့က နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုဆိုတာ ဘက်ပေါင်းစုံကနေပြီးတော့ ဖွံ့ဖြိုးတိုးတက်မှု၊ ပူးပေါင်း ဆောင်ရွက်မှုရမှာပါ။ အမှန်တကယ်လည်း အဲဒီလုပ်ငန်းက တကယ်လည်းလိုအပ်နေတာဖြစ်တဲ့ အတွက်ကြောင့် အချိန်မဆိုင်းဘဲနဲ့ အချိန်မဆိုင်းဘူးဆိုတဲ့နေရာမှာလည်းပဲ သိပ်အချိန်ကြာလည်း မဟုတ်ဘဲနဲ့ ခပ်မြန်မြန်လေးပဲ ပူးပေါင်းဆောင်ရွက်မှုလုပ်ပါလို့ တိုက်တွန်းရင်းနဲ့ ဦးစိုင်းဦးခမ်းရဲ့ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Mobile Payment၊ Mobile Financial Services၊ Online Payment၊ Digital Financial Services စသည်အားဖြင့် အမည်အမျိုးမျိုးခေါ်ဆိုကြသော်လည်းပဲ Mobile ဖုန်းခေါ်တဲ့လက်ကိုင်ဖုန်းကို အသုံးပြုပြီးမှ ငွေပေးငွေယူ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းတွေကို လုပ်ကိုင်ကြတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံပြီးရင် ကမ္ဘာမှာ Mobile ဖုန်းဈေးကွက် တတိယမြောက် အဖွံ့ဖြိုးဆုံးနိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ Mobile ဖုန်းဈေးကွက်ဟာ ၂၀၁၁ မှာ လူဦးရေရဲ့ ၇ ရာခိုင်နှုန်းလောက်ရှိရာကနေပြီး ၂၀၁၆ မှာ ၉၀ ရာခိုင်နှုန်းအထိ ထိုးဖောက်ကြီးထွားလာပါတယ်။ ဒါကြောင့် နည်းပညာအသစ်တွေနဲ့ ထိတွေ့စပြုရာကနေပြီးမှ ခေတ်မီငွေပေးချေမှုစနစ်တွေ ဖြစ်နိုင်ချေအသစ်တွေကို ကမ်းလှမ်းနေပါတယ်။ ၂၀၁၂ ခုနှစ်ကစပြီး တိုင်းပြည်ရဲ့ စီးပွားရေးဟာ ၆ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ တိုးတက်နေခြင်းနှင့်အတူ ငွေစက္ကူတစ်ခုတည်းအပေါ် ယုံကြည်ကိုးစားမနေတော့ဘဲ ခေတ်မီတဲ့ ငွေပေးချေမှုစနစ်၊ ထိရောက်မြန်ဆန်တဲ့ငွေပေးချေမှုစနစ်တွေ လိုအပ်နေပါတယ်။ E-Government ကို အကောင်အထည်ဖော်နေတဲ့ တိုင်းပြည်တစ်ခုအနေနဲ့ အခု အဆိုရှင်တင်ပြတဲ့ Mobile Payment

သည် အခြေခံကျတဲ့ လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းတွေ ငွေပေးငွေချေမှုစနစ် နှေးကွေးခြင်းဟာ လုပ်ငန်းကုန်ကျစရိတ်ကို များပြားစေပြီး အဂတိလိုက်စားမှုကို အခွင့်အရေး ဖန်တီးပေးရာရောက်တယ်လို့ ဆိုကြပါတယ်။ ဒီအတွက် ဘဏ္ဍာရေးဝန်ဆောင်မှုဆိုင်ရာ ကုမ္ပဏီများက Mobile Banking သည် ဖြေရှင်းချက်တစ်ရပ်ဖြစ်တယ်လို့ ယုံကြည်ကြပါတယ်။ မြန်မာ့ Mobile ဖုန်းဈေးကွက်ကြီးထွားလာခြင်းက Mobile Banking ကို လှုံ့ဆော်ပေးနေပါတယ်။ အခုဆိုရင် Smart Phone Application တွေကတဆင့် ဘဏ်မှာငွေအပ်နှံတာတွေ ပြန်လည်ထုတ်ယူတာတွေ လုပ်နိုင်နေကြပြီဖြစ်ပါတယ်။ Mobile ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေ အနေအထားတကျဖြစ်လာတဲ့အခါမှာ အစိုးရနှင့် ပြည်သူနှစ်ရပ်စလုံးအတွက် ကြီးမားတဲ့အကျိုးအမြတ်တွေကို ရရှိစေမှာဖြစ်ပါတယ်။

အိမ်နီးချင်းတိုင်းပြည်တွေမှာ အလုပ်လုပ်နေကြတဲ့ မြန်မာရွှေ့ပြောင်းလုပ်သားတွေအနေနဲ့ ယင်းတို့ရဲ့ မိသားစုတွေဆီကို Mobile အခြေပြုနိုင်ငံတကာငွေပို့စနစ်ကတစ်ဆင့် အလွယ်တကူ ပေးပို့နိုင်ကြမှာဖြစ်ပါတယ်။ ဤနည်းဖြင့် ငွေလွှဲခြင်းသည် မိမိတိုင်းပြည်ထဲသို့ ငွေကြေးစီးဝင်လာတဲ့ တရားဝင်လမ်းကြောင်းတစ်ခုလည်းဖြစ်ပြီး ကုန်ကျစရိတ်လည်း သက်သာတယ်လို့ဆိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Mobile ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းများနှင့်ပတ်သက်လာလျှင် Kenya နိုင်ငံဟာ ကမ္ဘာမှာအထင်ရှားဆုံးနိုင်ငံဖြစ်ပါတယ်။ ဘဏ်ငွေစာရင်းမရှိဘဲ လက်ကိုင်ဖုန်းတွေကနေ ငွေလွှဲခြင်း၊ ငွေချေခြင်းတွေကို Mobile Money System နဲ့ ပြည်သူတွေကို စတင်လုပ်ဆောင်စေခဲ့တဲ့ စွန့်ဦး တီထွင်နိုင်ငံတစ်ခုဖြစ်ပါတယ်။ Kenya နိုင်ငံ GDP ရဲ့ ၂၅ ရာခိုင်နှုန်းဟာ Mobile ဘဏ္ဍာရေးဝန်ဆောင် မှုကနေရရှိပါတယ်။ လူဦးရေ ၄၅ သန်းရှိတဲ့ Kenya နိုင်ငံနှင့် Kenya နိုင်ငံကဲ့သို့ အလားတူအခွင့်အရေးမျိုးကိုရရှိဖို့ Mobile Phone ဈေးကွက်ကြီးထွားလာခြင်းက ကျွန်တော်တို့နိုင်ငံအဖို့ အခြေအနေကောင်း တစ်ရပ်ဖြစ်နေပါတယ်။ ဘဏ္ဍာရေးလုပ်ငန်းတွေမှာ ပြည်သူတွေပါဝင်လာခြင်းဟာ စီးပွားရေးကဏ္ဍတွေကို ပိုမိုတိုးတက်များပြားလာစေပြီး အခွန်ရရှိနိုင်ဖို့အတွက် အခွန်ရဲ့အခြေကိုပိုမိုရရှိကျယ်ပြန့်လာ စေပါတယ်။ နိုင်ငံရေး၊ စီးပွားရေးအရွေ့အပြောင်းတွေကို ကြိုးစားဆောင်ရွက်နေတဲ့ ပြည်ထောင်စုအစိုးရအနေနဲ့ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပြည်သူတွေပါဝင်လာဖို့ ဦးစားပေး အစီအစဉ်မှာ ချမှတ်သင့်ပါတယ်။ အစိုးရက Regulatory Model အဖြစ် ဦးဆောင်လုပ်ကိုင်တဲ့အနေနှင့် ဌာနဆိုင်ရာများရဲ့ငွေရေးကြေးရေး ငွေပေးငွေယူကဏ္ဍများမှ Mobile Payment System နဲ့ပါဝင်လုပ်ကိုင်မယ်ဆိုရင် ပိုပြီးသွက်လက်မြန်ဆန်စွာနှင့် အောင်မြင်မှုရရှိလာမှာဖြစ်ပါတယ်။ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်အနေနဲ့လည်း အခန်းကိုးခန်းပါဝင်တဲ့ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဆိုင်ရာစည်းမျဉ်းကို ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာ ထုတ်ဝေပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရဲ့စည်းမျဉ်းအခန်း(၉)၊ အထွေထွေအခန်းမှာ အပိုဒ် ၃၅ မှာ Inter Operable Mobile ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းကို အကောင်အထည် ဖော်ဆောင်ရွက်ရမည်လို့ ပါရှိပါတယ်။ သို့သော်လည်း မတူညီတဲ့ Mobile Platform တွေတစ်ခုနှင့် တစ်ခုကြား ငွေပေးချေနိုင်အောင် Interoperability စနစ်ရရှိအောင် တာဝန်ရှိသည့်ဌာနများမှ မဖြစ်မနေတိုက်တွန်းဆောင်ရွက်ပေးရန် လိုကြောင်းအကြံပြုချက်တွေလည်း ရှိနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီ Mobile Payment နဲ့ပတ်သက်ပြီးမှ အကျိုးတွေကိုသာ တင်ပြနေတာ

မဟုတ်ပါဘူး။ Mobile Financial Servicesမှာ အပြစ်တွေလည်းရှိပါတယ်။ အပြစ်တွေအနေနဲ့ လိမ်လည်မှု Effect ဖြစ်တာတွေရှိပါတယ်။ ရှိတယ်လို့သိရပါတယ်။ လိမ်လည်မှုဖြစ်တိုင်းဟာ လူတွေရဲ့ လုံခြုံရေးစည်းမျဉ်းကို လိုက်နာမှု မရှိလို့ ဖြစ်ရကြောင်းလေ့လာတွေ့ရှိရပါတယ်။ ဒီစနစ်မှာ ပုဂ္ဂိုလ်ရေး အချက်အလက်တွေဟာ Data Base ထဲမှာ သိမ်းဆည်းထားတယ်ဆိုတာကို သိရှိသဘောပေါက်ပြီး သိုသိပ်မှုရှိဖို့လည်း လိုအပ်ပါတယ်။ မည်သို့ပင်ဖြစ်စေကာမူ မနေ့က ဇွန်လ ၃ ရက်နေ့ထုတ် The Voice သတင်းစာမှာ Wave Money ရဲ့ငွေရေးကြေးရေးဝန်ဆောင်မှုပမာဏဟာ နှစ်ဝက်အတွင်း ကျပ်ဘီလီယံ ၅၀၀ ရှိတယ်လို့ သိရပါတယ်။ ပြည်ထောင်စုအစိုးရဌာနများပါဝင်လာရင် ပိုပြီးအောင်မြင်နိုင်သလို ပြည်သူရဲ့ယုံကြည်မှု ပိုမိုရရှိလာနိုင်ပါတယ်။ ဒါကြောင့် နိဂုံးချုပ်အားဖြင့် တိုင်းပြည်ရဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးစေရေးကိုဦးတည်ပြီးမှ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းရဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကပြန်လည်ရှင်းလင်းဖြေကြားခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးစိုးသိန်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ သိန္နီမဲဆန္ဒနယ်၊ ဦးစိုင်းဦးခမ်းရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်အပိုင်းနှစ်ပိုင်းခွဲပြီးတော့ တင်ပြလိုပါတယ်။ ဒီမှာ ပထမပိုင်းက ဌာနဆိုင်ရာများရဲ့ငွေပေးငွေယူကိစ္စများကို Mobile ငွေပေးချေမှုစနစ်နဲ့ ဆောင်ရွက်ဖို့ဆိုတာ တစ်ပိုင်းပါပါတယ်။ ဒုတိယပိုင်းက ပြည်သူများ စီးပွားရေးလုပ်ငန်းရှင်များနဲ့ အကျိုးဝင် ပတ်သက်သူများ အားလုံးက Mobile Payment နဲ့ပတ်သက်ပြီးတော့ ကျယ်ပြန့်စွာသုံးစွဲဖို့ဆိုတဲ့အပိုင်းနှစ်ပိုင်း ပါဝင်ပါတယ်။ ဒီ အပိုင်းနှစ်ပိုင်းအပေါ်မှာ ကျွန်တော်ခွဲခြားသုံးသပ်ပြီးတော့ နောက်ပိုင်းမှာ ကျွန်တော် ခွဲခြားသုံးသပ်သွားပါမယ်။

အဲဒီတော့ ပထမပိုင်းအနေနဲ့ကတော့ Mobile Payment ရဲ့သဘော၊ သဘာဝလေးကို အရင်ဆုံး ကျွန်တော် ရှင်းရှင်းလင်းလင်းဖြစ်အောင် ရှင်းပြချင်ပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အနေနဲ့ Mobile Payment နဲ့ပတ်သက်ပြီးတော့ ပုံစံနှစ်မျိုးနဲ့ခွင့်ပြုထားတာရှိပါတယ်။ ပထမပုံစံက ဘဏ်များအနေနဲ့ ဗဟိုဘဏ်၏ဘဏ်လုပ်ငန်းကိုဆောင်ရွက်နိုင်တယ်ဆိုပြီးတော့ ၃-၁၂-၂၀၁၃ ရက်နေ့မှာ Mobile Banking ဆိုပြီးတော့ စည်းမျဉ်း၊ စည်းကမ်းထုတ်ပြန်ခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့က ဘဏ်တွေကဦးဆောင်တဲ့ပုံစံလို့ခေါ်နိုင်ပါတယ်။ အဲဒီတော့ ဒီပုံစံအရဆောင်ရွက်မယ်ဆိုရင် Mobile Payment ကို အသုံးပြုလိုတဲ့သူဟာ ဘဏ်မှာငွေစာရင်းထားရှိဖို့ လိုအပ်ပါတယ်။ ဘဏ်မှာငွေစာရင်း

ထားရှိတဲ့သူ၊ ဘဏ်ငွေစာရင်းထားရှိမှသာလျှင် ဒီ Mobile Payment ကို အဓိကဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

နောက် ဒုတိယတစ်ခုကတော့ Mobile ငွေရေးကြေးရေးဆောင်ရွက်လိုတဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် Mobile Financial Service(MFS)လို့ခေါ်ပါတယ်။ ဒီဥစ္စာကိုဆောင်ရွက်နိုင်တယ်ဆိုပြီးတော့ ၃၀-၃-၂၀၁၆ ရက်နေ့မှာ ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီတော့ ဒီ Service အရဆိုရင် ဒီလုပ်ငန်းကိုအဓိကထားလုပ်တဲ့သူတွေဟာ ဘဏ်မဟုတ်တဲ့အဖွဲ့အစည်းတွေဖြစ်ပါတယ်။ ဘဏ်မဟုတ်တဲ့အဖွဲ့အစည်းတွေဆိုရင် ဘယ်သူဖြစ်နိုင်သလဲဆိုရင် ပထမဆုံးက Telecom ကုမ္ပဏီတွေဖြစ်ပါတယ်။ နောက်တစ်ခုက Telecom ကုမ္ပဏီမဟုတ်လည်း လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေကနေပြီးတော့ ဒီ Service ကိုပေးလိုပါတယ်ဆိုပြီးတော့ လျှောက်ထားတင်ပြလာရင် သူတို့မှာဆောင်ရွက်နိုင်တဲ့ Capacity ရှိတယ်ဆိုလို့ရှိရင် ကျွန်တော်တို့ခွင့်ပြုချက်ပေးမှာပါ။ နောက် ဒီစည်းမျဉ်းအရဆိုလို့ရှိရင် လောလောဆယ်ဆောင်ရွက်နေတာဆိုရင် ခုနက အပိုင်း(၁)မှာပြောတဲ့ Mobile Banking ကိုဆောင်ရွက်တဲ့ဘဏ်က အခုချိန်ဆို ကိုးခုထိရှိသွားပါပြီ။ ဒုတိယပိုင်းမှာဆောင်ရွက်တဲ့ MFS အောက်ကဆောင်ရွက်တဲ့အဖွဲ့အစည်းဆိုလို့ရှိရင် Telecom ကုမ္ပဏီနှစ်ခု။ ခုနက Telenor နဲ့ Ooredoo။ အခုနောက်ထပ် ကျွန်တော်တို့ MPT ကလည်း လျှောက်ထားတင်ပြလာပါပြီ။ နောက်ပြီးတော့ MyTel အနေနဲ့လည်း လျှောက်ထားတင်ပြလာတဲ့အတွက်ကြောင့်မို့လို့ မကြာခင်မှာ Telecom ကုမ္ပဏီလေးခုအထိ Mobile Financial Service ကိုဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ခုနကဖော်ပြသွားတဲ့ OK Dollar ဒါ ပုဂ္ဂလိကလုပ်ငန်းကို ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လောလောဆယ် Mobile Financial Service ကို ဆောင်ရွက်နိုင်တာဘဏ်ကကိုးခုရှိပြီးတော့ ဒီဘက်က ဘဏ်မဟုတ်တဲ့အဖွဲ့အစည်းက လောလောဆယ်မှာ သုံးခု၊ နောက်ပိုင်းမှာ ငါးခုထိ တိုးပွားလာမှာဖြစ်ပါတယ်။ အဲဒီတော့ ပထမပိုင်း Mobile Banking အနေနဲ့ဘာတွေအခက်အခဲရှိသလဲဆိုလို့ရှိရင် နံပါတ်(၁)အချက် Mobile Bank လုပ်ငန်းကိုအသုံးပြုပြီးတော့ ဒီငွေလွှဲပြောင်းမယ့်သူဟာ Bank Account ရှိဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ Bank Account မရှိတဲ့သူတွေက ဒီလုပ်ငန်းကိုမဆောင်ရွက်နိုင်တာ ဒါအတားအဆီးဖြစ်ပါတယ်။ နောက် ဒုတိယအချက်ကဘဏ်ခွဲတွေကို နေရာတကာမှာမဖွင့်နိုင်ပါဘူး။ အထူးသဖြင့် မြို့ပြတွေမှာဘဏ်ခွဲတွေအများကြီးရှိပေမဲ့လို့ ကျေးလက်ဒေသတွေကို မရောက်နိုင်တဲ့အခြေအနေမှာ နယ်ကကျေးလက်ဒေသတွေ၊ ဝေးကွာတဲ့နေရာမှာသူတွေက ဒီဥစ္စာကိုသုံးစွဲနိုင်မှုမရှိပါဘူး။ ဒီနှစ်ခုက အဓိကကန့်သတ်ချက်ဖြစ်ပါတယ်။ အဲဒီတော့ ဒီလို Mobile Banking ကိုဆောင်ရွက်မယ်ဆိုရင်လည်း ပုံမှန်အားဖြင့်ဆိုရင် Mobile Banking ကိုဆောင်ရွက်တာက သေးငယ်တဲ့ငွေပမာဏအပေးအယူကိစ္စတွေကို ဦးစားပေးပြီးဆောင်ရွက်ပါတယ်။ ဥပမာအားဖြင့် ၂၀၁၃ ခုနှစ်မှာထုတ်ပြန်ခဲ့တဲ့ Regulation အရ ကြည့်မယ်ဆိုလို့ရှိရင် ပြည်တွင်းငွေလွှဲငွေပို့နဲ့ ပြည်ပငွေလွှဲငွေပို့ကိစ္စများ၊ နောက်ပြီးတော့ ကိုယ်စားလှယ်များ၊ ဘဏ်ခွဲများ၊ စီးပွားရေးလုပ်ငန်းများ၊ အစိုးရမှလူပုဂ္ဂိုလ်သို့ပေးချေမှုများ။ အဲဒီမှာဖော်ပြတာ ဥပမာ- လုပ်ခနှင့်လစာများ၊ ပင်စင်ငွေများ၊ အခြားထောက်ပံ့ငွေများ။ အခြားထောက်ပံ့ငွေများဆိုတာ နောက်ပိုင်းမှာ Social Pension တွေဘာတွေပေးတာကို လွှဲပြောင်းပြီးပေးနိုင်အောင် ဆိုလိုပါတယ်။ လူပုဂ္ဂိုလ်မှ

အစိုးရသို့ပေးချေမှုများ ဥပမာအားဖြင့် အခွန်အခ။ လူပုဂ္ဂိုလ်အချင်းချင်းငွေပေးချေမှုများ။ ဒါက Mobile Bank အချင်းချင်းကူးပြောင်းတဲ့ကိစ္စတွေ။ နောက်ပြီးတော့ ဒီမှာ Mobile Bank ရဲ့ သူ့ရဲ့ သဘော၊ သဘာဝက ပမာဏသိပ်ကြီးမားလွန်းအားကြီးတဲ့ ငွေတွေကိုတော့ လွှဲပြောင်းပေးဖို့ အခက်ခဲရှိပါတယ်။ အဲဒီတော့ အစိုးရဌာနအချင်းချင်းငွေလွှဲပြောင်းပေးမှုကို လုပ်ဖို့ဆိုရင် တော်တော်ကြီးကို ကျွန်တော်တို့ ပြင်ဆင်ရမှာဖြစ်ပါတယ်။ နောက်တစ်ခုက ဒီအစိုးရဌာနတွေရဲ့ငွေလွှဲပြောင်းမှုဆိုရင် ဘဏ္ဍာရေးစည်းမျဉ်းအရ ငွေရပြေစာတွေ၊ အထောက်အထားတွေ သေချာလမ်းညွှန်ထားတာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးစည်းမျဉ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေကို မပြုပြင်ဘဲနဲ့ အစိုးရအချင်းချင်း ကြီးမားတဲ့ ငွေပေးချေမှုတွေကိုလုပ်ဆောင်ဖို့တော့ အများကြီးအရှိန်ယူပြီးဆောင်ရွက်ရမှာဖြစ်ပါတယ်။ အင်မတန် ဖွံ့ဖြိုးတိုးတက်တဲ့တိုင်းပြည်တွေတောင်မှပဲ ဒီအပိုင်းတွေမှာ သိပ်ပြီးတော့ မစွမ်းဆောင်နိုင်သေးဘူးဆိုတဲ့အပိုင်းမျိုးကို တွေ့ရပါတယ်။ ဒါတစ်ချက်က Mobile Banking နဲ့ အသုံးပြုပြီးတော့ အခါမှာ အစိုးရဌာန၊ လူပုဂ္ဂိုလ်တွေက အများကြီး တွင်တွင်ကျယ်ကျယ် လွှဲပြောင်းနေကြပါပြီ။ သို့ပေမဲ့လို့ အစိုးရဌာနတွေက လွှဲပြောင်းတဲ့နေရာမှာတော့ အကန့်အသတ်တွေရှိနေတုန်းပဲဆိုတဲ့ အချက်ကလေးကို ကျွန်တော်တင်ပြလိုပါတယ်။

နောက် ဒုတိယပိုင်းအနေနဲ့ကြည့်လို့ရှိရင် ခုက MFS နဲ့ပတ်သက်တဲ့ဥစ္စာကို ကျွန်တော်တို့ တင်ပြမှာဖြစ်ပါတယ်။ အဲဒီတော့ ဘဏ်မဟုတ်တဲ့အဖွဲ့အစည်းတွေက ဆောင်ရွက်တဲ့ ခုနက Telecom ကုမ္ပဏီတွေ၊ နောက်တစ်ခုက ပုဂ္ဂလိကတွေ။ အခုလည်း တစ်ခုရှိနေပြီ။ နောက်ပိုင်းမှာလည်း နိုင်ငံခြားကနေဝင်လာနိုင်တယ်။ ပုဂ္ဂလိကတွေလည်းရှိနိုင်တယ်။ ဒီ Service Provider တွေက ဘယ်လိုအလုပ်လုပ်ကြသလဲ။ ဒါလေးကို ကျွန်တော်တို့ ကြည့်ကြဖို့လိုပါတယ်။ ပြီးတော့ သူတို့ဒီ Service ကို ဆောင်ရွက်မယ်ဆိုရင် Bank မှာ Account ရှိစရာမလိုပါဘူး။ လူတိုင်းမည်သူမဆို ဆောင်ရွက်လို့ရပါတယ်။ ဒါပေမဲ့လို့ ဘယ်လိုဆောင်ရွက်မလဲ။ Mobile Phone လေးရှိရုံနဲ့ Service ကိုဆောင်ရွက်လို့မရပါဘူး။ အဲဒီ Mobile Phone နဲ့ ငွေအသွင်းအထုတ်လုပ်မယ့် Agent တွေကို ကျွန်တော်တို့ ငှားထားရပါတယ်။ တစ်နိုင်ငံလုံးမှာ နီးတဲ့ဒေသ၊ ဝေးတဲ့ဒေသ ဘယ်နေရာမဆို Agent တွေကို ထားနိုင်မယ်ဆိုရင် Mobile Phone ကိုအသုံးပြုပြီးတော့ အဲဒီ Agent မှာ Cash In ၊ Cash Out ငွေသွင်းချင်လည်း လွှဲလို့ရတယ်။ ငွေလွှဲချင်လည်းလုပ်လို့ရတယ်။ ငွေထုတ်ယူချင်လည်း လုပ်လို့ရပါတယ်။ ဒါကြောင့်မို့လို့ Agent Network ကြီးကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာရေးဟာ ဒီ Mobile Bank စနစ်မှာ အင်မတန် အရေးကြီးတဲ့အလုပ်ဖြစ်ပါတယ်။ အဲဒီတော့ Agent တွေကိုဘယ်လိုလုပ် ငှားကြမလဲဆိုရင် Mobile Agent တွေကို ငှားရတာဟာ လွယ်လွယ်ကူကူအလုပ်တော့မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် နံပါတ်(၁)အချက် ကျွန်တော်တို့က Mobile Bank လုပ်ငန်းရဲ့ဝင်ငွေက Agent လုပ်တဲ့သူဟာ ဝင်ငွေ အများကြီးမျှော်လင့်လောက်အောင်ထိ ဆွဲဆောင်မှုမရှိသေးတဲ့အတွက်ကြောင့် စိတ်ဝင်စားမှုနည်းကြပါတယ်။ ဒါ တစ်ချက်ပါ။

ဒုတိယတစ်ချက်က အဲဒီငှားလိုက်တဲ့ Agent တွေကို သင်တန်းတွေသေသေချာချာပေးဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုရင်၊ ဘယ်လိုသင်တန်းမျိုးလဲဆိုရင် ခုနကအပေါ်မှာ ကိုယ်စားလှယ်ကြီးတွေ တင်ပြတဲ့အထဲမှာပါပါတယ်။ Security နဲ့ပတ်သက်တဲ့သင်တန်းတွေ၊ နောက်တစ်ခုက ALMCFT

လို့ခေါ်တဲ့ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးနဲ့ ပတ်သက်တဲ့သင်တန်းတွေ။ ဒီသင်တန်းတွေကို အထိုက်အလျောက်မပို့ချဘဲနဲ့ Agent က သူ့ Function ကိုလုပ်ဆောင်နိုင်တာမဟုတ်ပါဘူး။ အဲဒီအပိုင်းတွေက အင်မတန်ခက်ခဲတဲ့အပိုင်းတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ Agent တွေကို စုဆောင်းတဲ့နေရာမှာ ပထမစုဆောင်းရတာခက်တယ်။ ဒုတိယက သင်တန်းတွေကို Etiquette ပေါ့။ လုံလုံလောက်လောက်သင်တန်းတွေကို ပေးဖို့ဆိုတဲ့ဥစ္စာမှာ အခက်အခဲတွေ ရှိနေဆဲဖြစ်ပါတယ်။ တတိယအချက်အနေနဲ့က အဲဒီကိုယ်စည်းရုံးထားပြီးသား Agent တွေက နောက်ပိုင်းကျလို့ရှိရင် မလုပ်ဘဲနဲ့ထွက်သွားတာမျိုးတွေကိုလည်း ဒီ Operator တွေနဲ့ရင်ဆိုင်နေရတာမျိုးတွေ ရှိပါတယ်။ အဲဒီတော့ ဒီအချက်တွေက တကယ့် Challenge ဖြစ်တဲ့အချက်တွေပါ။

အခု ကျွန်တော်တို့ ခွင့်ပြုထားတဲ့ ခုနက Operator တွေ လေးခုလောက်နဲ့၊ ခုနက ပုဂ္ဂလိက ကုမ္ပဏီ၊ ဘဏ်တွေဟာ တကယ်လို့များ Agent တွေကို သူတို့လုံလုံလောက်လောက်ငှားနိုင်မယ်ဆိုရင် မြန်မာပြည်တစ်နံတစ်လျားကို တော်တော်ကြီးပြည့်ပြည့်ဝဝချဲ့ထွင်နိုင်မှာဖြစ်ပါတယ်။ သို့ပေမဲ့လို့ အဲဒီ ချဲ့ထွင်မှုက လျင်မြန်တဲ့အဟုန်နဲ့ ချဲ့ထွင်နိုင်ခြင်းမဟုတ်ဘဲနဲ့ အခုတော့ တဖြည်းဖြည်း တဖြည်းဖြည်း တိုးချဲ့နေတဲ့ အနေအထားမျိုးဖြစ်တယ်ဆိုတဲ့ဥစ္စာကို တွေ့ရှိနိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ မြန်မာနိုင်ငံက တယ်လီဖုန်းသုံးစွဲသူတွေဟာ အတိုးတက်ဆုံးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့အတွက် Advantage ပါ။ သို့ပေမဲ့လို့ အဲဒီ Advantage ကို ကျွန်တော်တို့က တကယ့် Realize လုပ်ဖို့၊ တကယ်ရရှိနိုင်ဖို့အတွက်ကတော့ အခြားခုနကမြှုပ်နှံမှုတွေအများကြီးလုပ်ဖို့လိုပါတယ်။ အဲဒီဥစ္စာက Infrastructure ရင်းနှီးမြှုပ်နှံမှုတွေ၊ စက်တွေရင်းနှီးမြှုပ်နှံရမယ်။

နောက်တစ်ခုက လူအရင်းအမြစ်ပါ။ ဒီလုပ်ငန်းကိုကိုင်တွယ်နိုင်တဲ့၊ သုံးစွဲနိုင်တဲ့ လူတွေ၊ သုံးစွဲတဲ့ လူအပါအဝင် ဒီ Human Resources ကို ကျွန်တော်တို့က မပျိုးထောင်ဘဲနဲ့မရပါဘူး။ အဲဒီလို ပျိုးထောင်မှုအပိုင်းတွေကတော့ ရင်းနှီးမြှုပ်နှံမှုပိုက်ဆံအများကြီးလိုအပ်ပြီးတော့ ခုနက အချိန်လည်း အများကြီးလိုအပ်ပြီးတော့ ခုနက အချိန်လည်းအများကြီးယူရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့် အနေနဲ့က ခြုံပြီးပြောမယ်ဆိုလို့ရှိရင် ဒီမြန်မာနိုင်ငံတော်ဗဟိုဘဏ်အတိုင်းအတာက လုပ်ပေးနိုင်တာ က ကျွန်တော်တို့က Regulatory Framework တက်လာအောင် လုပ်ပေးနိုင်ပါတယ်။ Mobile လုပ်ငန်းလုပ်ချင်တဲ့သူတွေကို ခွင့်ပြုပေးမယ်။ ဘယ်လိုစည်းကမ်းမျိုးတွေ လိုက်နာရမယ်ဆိုတဲ့ဥစ္စာတွေ ချမှတ်ပေးမယ်။ ဒါမျိုးတွေကို ကျွန်တော်တို့က တိုးတက်လာအောင်လုပ်ပေးနိုင်ပါတယ်။ သို့ပေမဲ့လို့ တကယ် Involve ဖြစ်နေတဲ့လူတွေက မြန်မာနိုင်ငံတော် ဗဟိုဘဏ်တစ်ခုတည်း မဟုတ်ဘဲနဲ့ Service Provider တွေပါပါတယ်။ နောက်တစ်ခုက Mobile Service သုံးစွဲတဲ့လူတွေပါပါတယ်။ အစိုးရဌာန တွေနဲ့ ပတ်သက်လို့ရှိရင် အစိုးရဌာနတွေအားလုံးပါဝင်ပတ်သက်နေပါတယ်။ အဲဒီလို ပါဝင်ပတ်သက် နေတဲ့ ဒီ Environment ကြီးတစ်ခုကနေပြီးတော့ ဝန်းကျင်ကြီးတစ်ခုလုံးက တိုးတက်ဖွံ့ဖြိုးမှုတွေ ရှိလာမှသာလျှင် ပိုပြီးတော့ကျယ်ပြန့်တဲ့ ကျွန်တော်တို့ ချဲ့ထွင်မှုမျိုးကိုတွေ့ရှိနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ Agent တွေနဲ့ ဆက်စပ်ပြီးလုပ်တဲ့အချိန်မှာ Mobile Payment ကိုသုံးစွဲမယ့်လူဟာ ကိုယ့်ငွေကိုကိုယ်ကြိုပြီးတော့ Agent မှာသွားပြီးတော့ ထည့်ရပါတယ်။ အဲဒီဥစ္စာ ကို ကျွန်တော်တို့က Float Money လို့ခေါ်ပါတယ်။ ကိုယ်ကငွေကြို ထည့်ထားတာဖြစ်ပါတယ်။

အဲဒီငွေကြေး ထည့်ထားတဲ့ပိုက်ဆံက မဆုံးရှုံးသွားအောင် သူ့ကိုကျွန်တော် တို့က တစ်ခြားတစ်ဖက်မှာ Trust Account ဆိုပြီးတော့ ဘဏ်မှာထည့်ပြီးတော့ ဒီဥစ္စာတွေကို ချိန်ညှိမှုတွေလုပ်ရပါတယ်။ အင်မတန်ရှုပ်ထွေးတဲ့စနစ်တွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုလုပ်ငန်းတွေကို ကျွန်တော်တို့ လုပ်တဲ့အချိန်မှာ ထင်သလောက် ကျွန်တော်တို့ Phone ရှိယုံနှင့် ဒီဥစ္စာကြီးကို တစ်ခါတည်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ပြီးတော့ လုပ်လို့ရတာမဟုတ်ပါဘူး။ သူနဲ့ ဆက်စပ်နေတဲ့ Infrastructure တွေ၊ Education တွေ၊ Awareness Program တွေ ဒါတွေ ကိုလည်းသုံးဖို့လိုပါတယ်။ နောက်တစ်ချက်က ဒါတွေကို ကျွန်တော်တို့က ဒါတွေသုံးဖို့ဆိုပြီး တိုက်တွန်းလိုက်လို့ရှိရင် အခုနေ ချိန်မှာ နိုင်ငံတော်အနေနဲ့ တိုက်တွန်းနိုင်တာက အစိုးရအဖွဲ့အစည်းတွေကိုပဲ တိုက်တွန်းနိုင်တာပါ။ အရန်သင့်မဖြစ်သေးတဲ့အချိန် တိုးတက်မှုအခြေအနေအဆင့်တစ်ဆင့်ကို မရောက်သေးတဲ့အချိန်မှာ ဒါကို တိုက်တွန်းလိုက်လို့ရှိရင် အဲဒီအစိုးရအဖွဲ့အစည်းတွေအပေါ်မှာ ဖိအားသက်ရောက်သွားမှာ ဖြစ်ပါတယ်။ စွန့်စားရမှုအန္တရာယ်တွေလည်း အများကြီးရှိပါတယ်။ နောက် ခုနက ပုဂ္ဂလိကဘဏ်တွေ အနေနဲ့ Agent တွေသုံးတဲ့ အပြင်ပုဂ္ဂလိကတွေကလုပ်တဲ့လူတွေကို ကျွန်တော်တို့ဖိအားပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ သူရဲ့လုပ်ငန်းအတိုင်းအတာ သူတို့ရဲ့ Investment နဲ့ Technology အခြေအနေ လူတွေရဲ့ Technology ကသွင်းလာရတာလွယ်ပါတယ်။ ဒါပေမဲ့လို့ လူတွေရဲ့ Behavior ဟာ Human Behavior က Change လုပ်ဖို့ရာက အရမ်းခက်ပါတယ်။ ပြောင်းလဲဖို့အများကြီး ခက်ပါတယ်။ ဒါသူတို့ တကယ်လုပ်နေတဲ့သူတွေ ရင်ဆိုင်နေရတဲ့ အတိုင်းအတာဖြစ်ပါတယ်။ အဲဒီတော့ သူတို့ Service Provider တွေအနေနဲ့က ဒီဈေးကွက်ကြီးကို သူတို့က အရမ်းလိုချင်ပါတယ်။ သူတို့တအားကြိုးစားပြီးလုပ်နေပါတယ်။ အဲဒီဥစ္စာကို ကျွန်တော်တို့က သူတို့ကိုသွားပြီး ဖိအားပေးလို့ လည်း မရပါဘူး။ ဖိအားပေးလို့လည်း သူတို့လက်ခံချင်မှ လက်ခံမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်အနေနဲ့ မှတ်တမ်းတင်တဲ့အဆင့်သာ ထားရှိသင့်ပါ တယ်လို့ ကျွန်တော်တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အဆိုကို ရှုထောင့်အမျိုးမျိုးနဲ့ ပါဝင်ဆွေးနွေးပေးခဲ့ ကြပါသော လွှတ်တော်ကိုယ်စားလှယ်ကြီးများဖြစ်တဲ့ ဒေါ်ဇင်မာအောင်၊ ဦးအောင်သိုက်၊ ဦးဘိုဘိုဦး၊ ဦးအုန်းခင်၊ ဦးထွန်းဝေ နှင့်အတူ မြန်မာနိုင်ငံဗဟိုဘဏ်မှ ပုဂ္ဂိုလ်များအားလုံးကို အထူးပဲကျေးဇူးတင်ရှိ ပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်အဆိုကို တင်ရတဲ့ရည်ရွယ်ချက်ကလည်းပဲ ကိုယ့်နိုင်ငံ တိုးတက်ဖွံ့ဖြိုးစေဖို့ဆိုတဲ့စေတနာနဲ့တင်ရခြင်းဖြစ်ပါတယ်။ ဆိုတော့ ဒီလိုအခက်အခဲတွေ၊ အားသာ ချက်တွေ၊ အားနည်းချက်တွေရှိတယ်ဆိုတာလည်း ကျွန်တော်သိပါတယ်။ ဘာပဲဖြစ်ဖြစ်ပါ ကျွန်တော်တို့ နိုင်ငံအတွက်ကို ဝိုင်းဝန်းပြီးတော့မှ ဆောင်ရွက်တဲ့အခါမှာ ခုနက ဗဟိုဘဏ်ကရှင်းပြခဲ့ သလိုမျိုး အားနည်းချက်တွေလည်းရှိနေတယ်။ အဲဒီအားနည်းချက်တွေအပေါ်မှာ ပြန်ပြီးတော့မှ ဖြည့်သွင်း တဲ့အနေနဲ့ လက်ရှိကျွန်တော်တင်ထားတဲ့အဆိုကို မှတ်တမ်းတင်ချင်တယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ အနေနဲ့ကတော့ မှတ်တမ်းတင်စောင့်ကြည့်အနေနဲ့ပဲထားစေချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်ငါးဦးကဆွေးနွေးပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးစိုင်းဦးခမ်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်း ထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၅-၅-၂၀၁၈ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိ ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၇-၅-၂၀၁၈ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ် နှစ်ဦးတို့က အမည်စာရင်း တင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယခုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးတင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသောအပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒ၊ သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်း

ကော်မတီ၏ ပြင်ဆင်ချက်(၉၈)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးကတင်သွင်းသော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ဖြစ်သည့် ၂၅-၇-၂၀၁၇ ရက်နေ့(အင်္ဂါနေ့)တွင် လွှတ်တော်ကလက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ဖြစ်သည့် ၁၅-၅-၂၀၁၈ ရက်(အင်္ဂါနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၁၇-၅-၂၀၁၈ ရက်(ကြာသပတေးနေ့)နောက်ဆုံးထား၍တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး၊ မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်းတို့က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၅-၅-၂၀၁၈ ရက်(သောကြာနေ့)တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ရန်တင်ပြချက်မှာ (၉၈)ချက်ဖြစ်ပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၉၈)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | အခန်း | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|---|
| (က) | ၁ | ၁ မှ ၄ | ၁၊ ၅၊ ၆၊ ၇၊ ၈ | ဥပဒေခေါင်းစီး၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ) (ဃ) (င) (စ) (ဆ) (ဇ) (ဈ) (ည) (ဋ) (ဌ) နှင့် (ဍ)၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၂ အပိုဒ်ခွဲ(ဎ) (ဏ) နှင့် (တ) |
| (ခ) | ၂ | ၅ မှ ၆ | ၁၁၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ | အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(င)နှင့် (စ)၊ အဆိုပြုပြင်ဆင်ချက်အပိုဒ် ၃ အပိုဒ်ခွဲ(ဆ)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဆ)နှင့် (ဇ)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၃ အပိုဒ်ခွဲ(ည)ကိုပယ်ဖျက်ခြင်း၊ |
| (ဂ) | ၃ | ၆ မှ ၁၁ | ၁၉၊ ၂၀၊ ၂၂၊ ၂၄၊ ၂၆၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၃၊ ၃၅၊ ၃၇၊ ၃၉၊ ၄၂ | အသစ်ဖြည့်စွက်ချက်အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၃)၊ အပိုဒ်ခွဲငယ် (၄)၊ အပိုဒ်ခွဲငယ်(၆)နှင့် (၇)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၉)ကို ပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲငယ် (၉)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၈၊ အပိုဒ် ၁၀ ခေါင်းစဉ်၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၃ |
| (ဃ) | ၄ | ၁၁ မှ ၁၅ | ၄၅၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၂၊ ၅၄၊ ၅၆၊ ၅၇၊ ၅၉ | အပိုဒ် ၁၄ အပိုဒ်ခွဲ(က) (ခ) (ဂ)နှင့် (ဃ)၊ အဆိုပြုပြင်ဆင်ချက်အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(စ)နှင့် (ဆ)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၃ အပိုဒ်ခွဲ(ဆ)နှင့် (ဇ) တို့ကိုပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် |

| စဉ် | အခန်း | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|---|
| | | | | အပိုဒ် ၁၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)နှင့် (၃) တို့ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)နှင့် (င)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(စ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၄ အပိုဒ်ခွဲ(ဆ)ကို ပယ်ဖျက်ခြင်း |
| (င) | ၅ | ၁၅ မှ ၁၇ | ၆၂၊ ၆၄၊ ၆၆ | အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ) (ဂ) နှင့် (ဃ)၊ အပိုဒ်ခွဲ (င) နှင့် (စ)၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(က)၊ (ခ) နှင့် (ဂ) |
| (စ) | ၆ | ၁၇ | ၆၉၊ ၇၂ | အပိုဒ် ၁၈ အပိုဒ်ခွဲ(က) နှင့် အပိုဒ်ခွဲငယ် (၁)၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁) |
| (ဆ) | ၇ | ၁၈ | ၇၆၊ ၇၈ | အပိုဒ် ၁၉ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဇ) |
| (ဇ) | ၈ | ၁၉ | ၈၂၊ ၈၃ | အပိုဒ် ၂၁၊ အပိုဒ် ၂၂ |
| (ဈ) | ၉ | ၂၀ | ၈၆၊ ၈၇ | အပိုဒ် ၂၃ အပိုဒ်ခွဲ(က) (ခ)နှင့် (ဂ)၊ အပိုဒ် ၂၄ |
| (ည) | ၁၀ | ၂၁ မှ ၂၂ | ၉၁၊ ၉၂၊ ၉၄၊ ၉၆ | အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၅ အပိုဒ်ခွဲ(ဃ) ကို ပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၆ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၈၊ အပိုဒ် ၃၀ |
| (ဋ) | ၁၁ | ၂၂ မှ ၂၄ | ၉၈၊ ၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၄၊ ၁၀၆၊ ၁၀၇ | အပိုဒ် ၃၁ အပိုဒ်ခွဲ(က)နှင့် (ခ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၀ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၂၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၃ အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၄ အပိုဒ်ခွဲ (ခ)နှင့် (ဂ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၄ အပိုဒ်ခွဲ(ဃ) |
| (ဌ) | ၁၂ | ၂၄ | ၁၁၀ | အပိုဒ် ၃၆ |

မူကြမ်း

| စဉ် | အခန်း | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|---|
| (ခု) | ၁၃ | ၂၄ မှ ၂၇ | ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၂၄၊ ၁၂၆၊ ၁၂၈ | အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇ ခြေဆင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၆ အပိုဒ်ခွဲ(ခ) ကိုပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၇ အပိုဒ်ခွဲ(ဂ)နှင့် (ဃ)၊ အပိုဒ်ခွဲ(စ) |
| (ပ) | ၁၄ | ၂၈ မှ ၂၉ | ၁၃၃၊ ၁၃၅ | အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၉ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅၀ အပိုဒ်ခွဲ(ဂ) |
| (ဏ) | ၁၅ | ၂၉ | ၁၃၇၊ ၁၃၈၊ ၁၄၀၊ | အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃၊ အပိုဒ်ခွဲ(ဂ)နှင့် (ခ) |
| (တ) | ၁၆ | ၃၀ | ၁၄၂၊ ၁၄၃ | အပိုဒ် ၅၄၊ အပိုဒ် ၅၅ |
| (ထ) | ၁၇ | ၃၀ မှ ၃၂ | ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၈၊ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၄၊ ၁၅၅၊ ၁၅၆၊ ၁၅၇ | အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅၇ ခြေဆင်းကိုပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ (က) နှင့် (ခ)တို့ကို အပိုဒ် ၄၇ အပိုဒ်ခွဲ(ဂ)နှင့် (ဃ) တို့အဖြစ် ပြောင်းလဲပြင်ဆင်ခြင်း၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၃ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၆၃၊ အပိုဒ် ၆၄၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၆ ကိုပယ်ဖျက်ခြင်း |
| (ဒ) | ၁၈ | ၃၂ မှ ၃၄ | ၁၅၉၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၆၆၊ ၁၆၇၊ ၁၆၈ | အသစ်ဖြည့်စွက်ချက် အပိုဒ် ၆၅၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၇ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၆၆၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၉ ကိုပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၇၀ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၇၄ ကိုပယ်ဖျက်ခြင်း |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၉၈)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကတင်သွင်းသော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းအား သဘောတူညီပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်(၉၈)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၉၈)ချက်ကို ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၂း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ (၄.၆.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Sai Ngaung Seng Hein    U Kyaw Myo




U Kyaw Myo    U Ba Shein




U Win Khine    U Win Win




U Win Khine    U Maung Myint




U Win Khine    U Myat Lay Oo




U Win Khine    U Nay Htet Win

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်